စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ကပြုစုသည်

# MYANTRADE

# ဈေးကွက်သတင်းလွှာ

## အမှတ်စဉ် ၂/၂၀၂၆

## ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ သတင်းခေါင်းစဉ်များ

### ပြည်တွင်းဈေးကွက်

- ပခုက္ကူမြို့ “ဝါ” ဈေးနှုန်းဈေးကွက်နှင့်ရောင်းချမှုအခြေအနေ
- အရောင်းအဝယ်ဖြစ်လျက်ရှိသည့် ကွမ်းသီးစိတ်နှင့်ကွမ်းရွက်ဈေးနှုန်း
- မုံရွာမြို့ပေါ်တွင် ရောင်းချနေသော သစ်ကြားသီးနှင့်ဗာဒံစေ့ ဈေးနှုန်း

### နိုင်ငံတကာဈေးကွက်

- ဗီယက်နမ်နိုင်ငံသည် ဖိလစ်ပိုင်နိုင်ငံသို့ ဆန်တန်ချိန် ၂ ဒသမ ၅ သန်းတင်ပို့ရန် သဘောတူညီချက်ကို လက်မှတ် ရေးထိုးသွားမည်
- အီရန်နိုင်ငံအတွင်းမတည်ငြိမ်မှုများကြောင့် အိန္ဒိယနိုင်ငံ၏ဘာစမာတီဆန်တင်ပို့မှုထိခိုက်ခဲ့ပြီး ငွေပေးချေမှု ကြန့်ကြာ မှုများပြားလာခြင်းကြောင့် ဆန်ဈေးနှုန်းများသိသိသာသာကျဆင်းလာ
- အိန္ဒိယ၏စံချိန်တင်ဆန်စပါးထွက်ရှိမှုကြောင့် ကမ္ဘာ့ဆန်ဈေးနှုန်းများ ဆက်လက်ကျဆင်းဖွယ်ရှိ
- အင်ဒိုနီးရှားနိုင်ငံသည် ၂၀၂၆ ခုနှစ်တွင် တစ်နိုင်ငံလုံး ဆန်ဈေးနှုန်း တစ်ပြေးညီဖြစ်ရေး မူဝါဒချမှတ်ရန် စီစဉ် လျက်ရှိ
- ထိုင်းနိုင်ငံအစိုးရက ဆန်အတွက် အထောက်အပံ့ဆိုင်ရာအစီအမံများကို သက်တမ်းတိုးခဲ့
- ဈေးနှုန်းကွာဟချက်မရှိခြင်းကြောင့် အိန္ဒိယနိုင်ငံ၏ပြောင်းတင်ပို့မှုပြန်လည်ဦးမော့လာ
- ကမ္ဘာ့ပြောင်းဖူးထုတ်လုပ်မှုနှုန်းသည် ဝယ်လိုအား မြင့်တက်လာမှုနှုန်းထက် ပိုမိုများပြားလာ
- ဘင်္ဂလားဒေ့ရှ်အစိုးရက ပြည်တွင်းတောင်သူများအကျိုးစီးပွားအတွက် အိန္ဒိယကြက်သွန်နီ တင်သွင်းခွင့်ကို ရပ်ဆိုင်း
- နိုင်ငံအတွင်းသို့ သကြားတင်သွင်းမှုပိတ်ပင်ချက်အား ၂၀၂၆ ခုနှစ် ဒီဇင်ဘာလအထိ သက်တမ်းတိုးမြှင့်လိုက် သော ဖိလစ်ပိုင်နိုင်ငံ
- ဗီယက်နမ်ထံမှ ရေထွက်ကုန်များ တင်သွင်းမှု အမေရိကန်ပိတ်ပင်
- တောင်ကိုရီးယားနိုင်ငံတွင်း ငါးကွမ်းရုပ်ဈေးနှုန်းမြင့်မားလာခြင်းကြောင့် သတ်မှတ်ပမာဏအတွင်း တင်သွင်း လျှင် သက်သာသောစည်းကြပ်ခွန်နှုန်းထားဖြင့် တင်သွင်းခွင့်ပြုမည့်အစီအစဉ်ကို တိုးချဲ့ ဆောင်ရွက်သွားမည်
- ရုရှားရေနံဈေးနှုန်းအမြင့်ဆုံးကန့်သတ်ဈေးကို ဥရောပသမဂ္ဂမှ တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၄၄ ဒသမ ၁ သို့ လျှော့ချမည်
- အဆင့်မြင့်ထုတ်လုပ်မှုများကို တွန်းအားပေးမှုမှတစ်ဆင့် ယူအေအီး စက်မှုလုပ်ငန်းကဏ္ဍသည် အသားတင် သုည ရည်မှန်းချက်များအား မောင်းနှင်လျက်ရှိ တရုတ်–အာရှအလယ်ပိုင်းဒေသကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၀၀ ဘီလီယံကျော်လွန် ဆက်ဆံရေး ပိုမိုနက်ရှိုင်းလာကြောင်းပြသ
- အီသီယိုးပီးယားနိုင်ငံသည် ပို့ကုန်ဝင်ငွေတိုးလာစေရန် ကော်ဖီ တန်ဖိုးမြှင့်တင်ရေး ဆောင်ရွက်လျက်ရှိ

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်သုတေသနဌာနခွဲ
ဖုန်း ၀၁-၃၈၈၂၉၇
၀၁-၃၇၆၄၉၀
http://www.myantrade..org

- အမေရိကန်က ဗီယက်နမ်မှ ပင်လယ်စာတင်သွင်းမှုကိုပိတ်ပင်ခဲ့ရာ ထိုင်းပို့ကုန်လုပ်ငန်းရှင်များအတွက် လမ်းစပွင့်သွား
- အင်ဒိုနီးရှားနိုင်ငံက အိန္ဒိယနိုင်ငံမှ တရားမဝင်မြေပဲတင်သွင်းမှုများကို အရေးယူနှိမ်နင်း
- ဖိလစ်ပိုင်နိုင်ငံ၏ အမေရိကန်သို့ သကြားကြမ်းတင်ပို့မှုသည် သုံးနှစ်ဆက်တိုက်ရှိခဲ့ပြီဖြစ်
- မီဇိုရမ်ပြည်နယ်အစိုးရသည် တောင်သူများအား ကူညီပံ့ပိုးမှုအစီအစဉ်အရ ဒေသတွင်းထွက်ရှိသော အဓိက သီးနှံ လေးမျိုးအား ဖေဖော်ဝါရီလမှ စတင်၍ ဝယ်ယူသွားမည်
- တရုတ်နိုင်ငံသည်အမေရိကန်ကိုကျော်တက်ကာဗီယက်နမ်၏ပုစွန်တင်ပို့သည့်အကြီးဆုံးဈေးကွက်ဖြစ်လာ
- ကမ္ဘောဒီးယားကုန်စည်ပြပွဲ ၂၀၂၅ ကို အမေရိကန်နိုင်ငံ၌ လက်ခံကျင်းပလိုကြောင်း သမ္မတထရမ့်က ပြောကြားခဲ့
- ဂျာမနီတွင် ဘီယာချက်စက်ရုံမှ စွန့်ပစ်ပစ္စည်းများကို သက်သတ်လွတ်အသားအဖြစ် အစားထိုးရန် စတင် ဆောင်ရွက်နေ
- ထိုင်းနိုင်ငံ၊ စိုက်ပျိုးရေးနှင့် သမဝါယမဝန်ကြီးဌာနသည် ကွဲကောနှင့် သရက်သီးမျိုးစိတ်အားလုံးကို ဂျပန် နိုင်ငံသို့ တိုးမြှင့်တင်ပို့နိုင်ရေး ဆောင်ရွက်လျက်ရှိ
- အမေရိကန်နိုင်ငံက Greenland အပေါ် ထိန်းချုပ်လိုမှုနှင့်ပတ်သက်၍ ဥရောပနိုင်ငံများအပေါ် ချမှတ်မည့် သွင်းကုန်ခွန်ကောက်ခံတော့မည်မဟုတ်ကြောင်း သမ္မတထရမ့်က ပြောကြားခဲ့

**ပြည်တွင်းကုန်သွယ်မှုသတင်း**

- စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းများနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးသို့ စီးပွားရေး နှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ပြည်ထောင်စုဝန်ကြီးဦးချစ်ဆွေတက်ရောက်အမှာစကားပြောကြား
- နဝမအကြိမ်မြောက် မြန်မာ-အိန္ဒိယ ကုန်သွယ်ရေး ပူးတွဲကော်မတီအစည်းအဝေးကျင်းပ
- စတုတ္ထအကြိမ်မြောက် South Asia Agri Forum 2026 အခမ်းအနားကျင်းပ

**ပြည်ပကုန်သွယ်မှုသတင်း**

- နှစ်နိုင်ငံကုန်သွယ်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ သက်တမ်းတိုးမြှင့်နိုင်ရေး၊ မြန်မာ့ပဲမျိုးစုံနှင့် စိုက်ပျိုးရေး ထွက်ကုန်များ အိန္ဒိယနိုင်ငံသို့ ပိုမိုတိုးမြှင့်တင်ပို့နိုင်ရေးကိစ္စရပ်များ မြန်မာ-အိန္ဒိယ ဆွေးနွေး
- ဧရာဝတီတိုင်းဒေသကြီးအတွင်း ပြည်ပဈေးကွက်ဝယ်လိုအားရှိသော ပေါင်းဆန်များကြိတ်ခွဲထုတ်လုပ် ရောင်းချလျက်ရှိ
- တရုတ်-မြန်မာရေနံစိမ်းပိုက်လိုင်းမှရေနံစိမ်းရယူ၍ရေနံစိမ်းတန်ချိန် နှစ်သန်းချက်လုပ်နိုင်သည့်သံပရာကန် ရေနံချက်စက်ရုံစီမံကိန်း တရုတ်နိုင်ငံပိုင်စွမ်းအင်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေ
- ဧရာဝတီတိုင်းဒေသကြီးမှ အရည်အသွေးမြင့် ပုစွန်များ ပြည်ပဈေးကွက်သို့ဝင်ရောက်

**အထူးဆောင်းပါးများ**

- ထိုင်းနိုင်ငံအတွင်းသို့ တင်သွင်းမည့် တိရစ္ဆာန်အစာပြောင်းနှင့် ဂျုံသွင်းကုန်များအတွက် မီးလောင်ထားမှု ကင်းစင်ကြောင်း အထောက်အထားတင်ပြရန်လိုအပ်မည်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက ထုတ်ပြန်ခဲ့
- အင်ဒိုနီးရှားနိုင်ငံမှ ပင်လယ်ရေကြောင်းဖြင့် ပထမဆုံးအကြိမ်တင်ပို့သည့် အေးခဲထားသောဒူးရင်းသီးများ တရုတ် နိုင်ငံသို့ ရောက်ရှိလာပြီး ကုန်သွယ်ရေးလမ်းကြောင်းသစ်ကို ဖွင့်လှစ်လိုက်

**ကုန်သွယ်မှုအခြေအနေ**

**ကုန်စည်ဈေးနှုန်းများ**

## ပခုက္ကူမြို့ “ဝါ” ဈေးနှုန်းဈေးကွက်နှင့်ရောင်းချမှုအခြေအနေ

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ပခုက္ကူမြို့နယ်တွင် “ဝါ”သီးနှံကို ကံတော်၊ ကံလှ၊ ကံတိန်၊ ကံရက်၊ ကံမြင့်ကုန်း၊ မြိုင်နှင့်ရေစကြိုမြို့နယ်အတွင်းရှိ ကျေးရွာများမှအဓိကစိုက်ပျိုးကြသည်။ ထွက်ရှိသော“ဝါ”များကို ပခုက္ကူမြို့ပေါ်သို့ ဝင်ရောက်အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ပခုက္ကူမြို့ “ဝါ”စိုက်ဧကမှာ ယခင်က ၅,၀၀၀ မှ ၆,၀၀၀ ရှိခဲ့ပြီး ယခုအခါတွင် စိုက်ဧက ၂,၅၀၀ ဝန်းကျင်ခန့်သာစိုက်ပျိုးကြောင်း သိရသည်။ “ဝါ”စိုက်ပျိုးရာတွင်အဓိက ချည်မျှင်ရှည်ဝါနှင့် ချည်မျှင်တိုဝါများကို စိုက်ပျိုးကြသည်။ “ဝါ” စတင်ပေါ်စတွင် အစေ့ပါတစ်ပိဿာလျှင် ကျပ် ၄,၀၀၀ ဖြစ်ခဲ့ပြီး တစ်နေ့လျှင် ကုန်ချိန် ၃၀ မှ ၅၀ ထိ ဝင်ရောက်လျက်ရှိကြောင်း “ဝါ” ကုန်သည်များထံမှ သိရသည်။

ဈေးနှုန်းဈေးကွက်အနေဖြင့် ပခုက္ကူမြို့နယ်မှ ထွက်ရှိသော“ဝါ”များကို မန္တလေးတိုင်းဒေသကြီးနှင့် သရက်၊ အောင်လံခရိုင်များသို့လည်းတင်ပို့ရောင်းဝယ်လျက်ရှိသည်။ ဇန်နဝါရီလ အစောပိုင်းတွင်“ဝါ”ဝင်ရောက်မှုမှာအလွန်းနည်းပါးကြောင်း၊ ဈေးနှုန်းအနေဖြင့် ချည်မျှင်ရှည်ဝါ တစ်ပိဿာလျှင် ကျပ် ၃,၈၀၀-၃,၉၀၀၊ ချည်မျှင်တိုဝါ တစ်ပိဿာလျှင် ကျပ် ၃,၆၀၀ ရှိပြီး ဝါကြိတ်ဖတ်တစ်ပိဿာလျှင် ကျပ် ၁,၀၀၀၊ ဝါစေ့တစ်ပိဿာလျှင် ကျပ် ၂,၃၀၀၊ ဝါဂွမ်းတစ်ပိဿာလျှင်ကျပ် ၁၁,၀၀၀၊ ဝါစေ့ဆီတစ်ပိဿာလျှင် ကျပ် ၈,၈၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခင် ဇန်နဝါရီလ ပထမပတ်နှင့် ဈေးနှုန်းနှိုင်းယှဉ်ပါက ဈေးငြိမ်နေပြီး အရောင်းအဝယ်ဖြစ်ကြောင်း၊“ဝါ”ဝင်ရောက်မှုမှာ နည်းပါးနေကြောင်း“ဝါ”ကုန်သည်များထံမှသိရသည်။

Source: https://www.doca.gov.mm/my/node/63086

## အရောင်းအဝယ်ဖြစ်လျက်ရှိသည့် ကွမ်းသီးစိတ်နှင့်ကွမ်းရွက်ဈေးနှုန်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၌ ကွမ်းသီးပင်များကို နေအိမ်ခြံဝင်းများ၌ မိသားစုအပိုဝင်ငွေရရှိသည့်အတွက် တစ်နိုင်တစ်ပိုင်စိုက်ပျိုးကြကြောင်း၊ ကွမ်းသီးများကို ကန့်ဘလူခရိုင်အတွင်းမှလည်းကောင်း၊ မြိတ်ဒေသမှလည်းကောင်း ဝယ်ယူပြီး ကွမ်းသီးစိတ်များပြုလုပ်၍ ပြန်လည်ရောင်းချကြောင်း သိရသည်။

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ တတိယပတ်အတွင်း ကန့်ဘလူမြို့နယ်၌ ကွမ်းသီးစိတ်(ရှယ်) တစ်ပိဿာလျှင် ၃၈,၀၀၀ကျပ်၊ အလတ်စတစ်ပိဿာလျှင် ၃၀,၀၀၀ ကျပ်၊ အညံ့တစ်ပိဿာလျှင် ၁၉,၀၀၀ ကျပ်၊ ကွမ်းရွက်ရှယ်တစ်ပိဿာ ၂၂,၀၀၀ ကျပ်၊ ရိုးရိုးတစ်ပိဿာ ၁၇,၀၀၀ ကျပ်ဈေးနှုန်းတို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိရာ ဇန်နဝါရီလ ဒုတိယပတ်ဈေးနှုန်းများနှင့် နှိုင်းယှဉ်ပါက ယခုတတိယပတ်အတွင်း ကွမ်းသီးစိတ်ရှယ် တစ်ပိဿာလျှင် ၂,၀၀၀ ကျပ်ဖြင့် ရောင်းချလျက်ရှိရာ ကွမ်းသီးအသစ်များဈေးကွက်အတွင်းဝင်ရောက်လာခြင်းကြောင့် ဈေးနှုန်းအနည်းငယ်ကျဆင်းလာကြောင်း၊ ဈေးကွက်အနေဖြင့် ကန့်ဘလူမြို့ပေါ်ရှိဆိုင်များနှင့် ကျွန်းလှမြို့နယ်သို့ လက်လီ၊ လက်ကားရောင်းချလျက်ရှိကြောင်း ကွမ်းသီးစိတ်ရောင်းဝယ်ရေး လုပ်ငန်းရှင်ထံမှ သိရသည်။ Source: https://www.doca.gov.mm/my/node/63088

## မုံရွာမြို့ပေါ်တွင် ရောင်းချနေသော သစ်ကြားသီးနှင့်ဗာဒံစေ့ ဈေးနှုန်း

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ စတိုးဆိုင်များတွင်ရောင်းချနေသော သစ်ကြားသီးနှင့် ဗာဒံစေ့များ ရောင်းချလျက်ရှိကြောင်းသိရသည်။ ကချင်ပြည်နယ်ဒေသထွက်၊ ရှမ်းပြည်နယ်မြောက်ပိုင်းလောက်ကိုင်နှင့်ချင်းရွှေဟော်ဒေသထွက်သစ်ကြားသီးများဈေးကောင်းရရှိလျက်ရှိပြီး ရောင်းအားကောင်းလျက်ရှိကြောင်း သိရသည်။ မြန်မာနိုင်ငံနေရာဒေသအနှံ့အပြားတွင် ဗာဒံပင်များ ပေါက်ရောက်လျက်ရှိသည်။ ဗာဒံပင်ဟာ အကြီးမြန်ပြီးအရွက်တွေကလည်းတစ်ဆင့်ပြီးတစ်ဆင့် အတက်မြန်တာကြောင့် မြန်မာနိုင်ငံမှာ အရိပ်ရအပင် အဖြစ်စိုက်ပျိုးလေ့ရှိသည်။ သစ်ကြားသီးနှင့် ဗာဒံစေ့များကိုစားသုံးခြင်းဖြင့် သွေးတွင်းကိုလက်ထရော ကျဆင်းစေခြင်း၊ နှလုံးကျန်းမာစေခြင်း၊ ရောင်ရမ်းမှုကိုလျော့ကျစေခြင်း၊ အစာခြေစနစ် ကျန်းမာကောင်းမွန်စေခြင်း၊ ကင်ဆာဖြစ်နိုင်ခြေ လျော့ကျစေခြင်း စသည့်အကျိုးကျေးဇူးများရရှိနိုင်ကြောင်း သိရသည်။

၂၀၂၆ခုနှစ်၊ ဇန်နဝါရီလ တတိယအပတ်အတွင်း ရောင်းချနေသော သစ်ကြားသီးဈေးနှုန်းမှာ သစ်ကြားသီးအလုံး ၅၀ ပါ တစ်ထုပ်လျှင် ၈,၅၀၀ ကျပ်၊ အလားတူ ဗာဒံစေ့ အစေ့ ၁၀၀ ပါ တစ်ထုပ်လျှင် ၃,၀၀၀ ကျပ်ဈေးနှုန်းဖြင့် ရောင်းချလျက်ရှိကြောင်း သိရသည်။ Source: https://www.doca.gov.mm/my/node/63073

## ဗီယက်နမ်နိုင်ငံသည် ဖိလစ်ပိုင်နိုင်ငံသို့ ဆန်တန်ချိန် ၂ ဒသမ ၅ သန်းတင်ပို့ရန် သဘောတူညီချက်ကို လက်မှတ်ရေးထိုးသွားမည်

ဗီယက်နမ်နိုင်ငံသည် ယခုနှစ်အတွင်း ဖိလစ်ပိုင်နိုင်ငံသို့ ဆန်မက်ထရစ်တန်ချိန် ၂ ဒသမ ၅ သန်း တင်ပို့ရန် သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးသွားမည်ဖြစ်ကြောင်း နိုင်ငံပိုင်မီဒီယာများက ပြီးခဲ့သည့် ဗုဒ္ဓဟူးနေ့ ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၁၄ ရက်နေ့က ဖော်ပြခဲ့သည်။

ဗီယက်နမ်နိုင်ငံ၏ အကြီးဆုံးဆန်တင်ပို့မှုဈေးကွက်ဖြစ်ခဲ့သည့် ဖိလစ်ပိုင်နိုင်ငံသည် ပြည်တွင်းထုတ်လုပ်မှုကို ပံ့ပိုးရန်အတွက် ၂၀၂၅ ခုနှစ်၏ နောက်ဆုံး ၄ လအတွင်း ဆန်တင်သွင်းမှုကို ရပ်ဆိုင်းခဲ့သည်။

သို့ရာတွင် ယခုနှစ်အတွင်း ဆန်တန်ချိန် ၃ ဒသမ ၆ သန်းတင်သွင်းရန် စီစဉ်ထားကြောင်းနှင့် ဆန်အများစုကို ဗီယက်နမ်နိုင်ငံမှတင်သွင်းသွားမည်ဟု ဖိလစ်ပိုင်နိုင်ငံရှိ ဗီယက်နမ်သံရုံး၏ပြောကြားချက်ကို ကိုးကား၍ The Voice of Vietnam (VOV) မှ ဖော်ပြခဲ့ကြောင်း ရေးသားဖော်ပြထားသည်။

ဖိလစ်ပိုင်နိုင်ငံ စိုက်ပျိုးရေးဝန်ကြီး H.E Francisco Tiu Laurel နှင့် စီးပွားရေးသံမှူး Mr. Le Phu Cuong တို့ တွေ့ဆုံပြီးနောက် အဆိုပါသတင်းများထွက်ပေါ်လာခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။ ဖိလစ်ပိုင်နိုင်ငံသည် ယခုနှစ်တွင် ဆန်တင်သွင်းမှုပမာဏကိုထိန်းချုပ်ရန်အတွက် အခွန်ကောက်ခံမှုအပါအဝင် အစီအမံများအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။

Source: https://www.bangkokpost.com/business/general/3175383/vietnam-to-sign-deal-to-export-25-million-tonnes-of-rice-to-philippines , (ဝင့်နန္ဒာကျော်ကျော်၊ စီးပွားရေးသံမှူး၊ ဟန္နိုင်းမြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_19012026-11:56

## အီရန်နိုင်ငံအတွင်းမတည်ငြိမ်မှုများကြောင့် အိန္ဒိယနိုင်ငံ၏ဘာစမာတီဆန်တင်ပို့မှုထိခိုက်ခဲ့ပြီး ငွေပေးချေမှု ကြန့်ကြာမှုများပြားလာခြင်းကြောင့် ဆန်ဈေးနှုန်းများသိသိသာသာကျဆင်းလာ

အီရန်နိုင်ငံတွင် လတ်တလောဖြစ်ပွားနေသော ပြည်တွင်းမငြိမ်မသက်မှုများသည် အိန္ဒိယနိုင်ငံ၏ ဘာစမာတီဆန်တင်ပို့မှုအပေါ် စတင်သက်ရောက်မှုများရှိလာပြီး ငွေပေးချေမှုကြန့်ကြာခြင်းနှင့် မရေရာမှုများကြောင့် ပြည်တွင်းဆန်ဈေးနှုန်းများ သိသိသာသာကျဆင်းလာကြောင်း အိန္ဒိယဆန်တင်ပို့သူများအဖွဲ့ချုပ် (Indian Rice Exporters Federation - IREF) က ဇန်နဝါရီလ ၁၃ ရက်နေ့တွင် ပြောကြားခဲ့သည်။

IREF က အီရန်နိုင်ငံနှင့် ချုပ်ဆိုထားသော စာချုပ်များအပေါ် စွန့်စားရမှုများကို ပြန်လည်သုံးသပ်ရန်နှင့် လုံခြုံစိတ်ချရသော ငွေပေးချေမှုစနစ်များကိုကျင့်သုံးရန် တင်ပို့သူများအား တိုက်တွန်းထားပြီး အီရန်ဈေးကွက်အတွက် ရည်ရွယ်ထားသော ကုန်ပစ္စည်းလက်ကျန်များအပေါ် အလွန်အကျွံရင်းနှီးမြှုပ်နှံခြင်းမပြုရန် သတိပေးခဲ့ကြောင်း သိရသည်။

ကုန်သွယ်မှုဆိုင်ရာ အချက်အလက်များအရ အိန္ဒိယနိုင်ငံသည် ၂၀၂၅-၂၆ ဘဏ္ဍာနှစ် ဧပြီလမှ နိုဝင်ဘာလအထိ အီရန်နိုင်ငံသို့ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၄၆၈ ဒသမ ၁၀ သန်းရှိသော ဘာစမာတီဆန် တန်ချိန် ၅ ဒသမ ၉၉ သိန်းကို တင်ပို့ခဲ့ကြောင်း တွေ့ရသည်။

အီရန်နိုင်ငံသည် အိန္ဒိယနိုင်ငံ၏ဘာစမာတီဆန်အများဆုံးတင်ပို့ရာနိုင်ငံဖြစ်သော်လည်း လက်ရှိဘဏ္ဍာနှစ်တွင် ဖြစ်ပွားနေသော မတည်ငြိမ်မှုများကြောင့် အော်ဒါမှာယူမှုများ၊ ငွေပေးချေမှုသံသရာနှင့် ကုန်စည်ပို့ဆောင်မှုအစီအစဉ်များအပေါ် ဖိအားများပိုမိုများပြားလာကြောင်း သိရသည်။

အဆိုပါသက်ရောက်မှုများကို ပြည်တွင်းလက်ကားဈေးကွက်များတွင် ရှင်းလင်းစွာတွေ့မြင်နေကြောင်း၊ လွန်ခဲ့သည့် သီတင်းပတ်အတွင်း၌ပင် ဝယ်ယူသူများ၏ ဝေခွဲမရဖြစ်မှု၊ စာချုပ်များကြန့်ကြာမှုနှင့် တင်ပို့သူများအကြား စွန့်စားရမှုအပေါ် စိုးရိမ်ပူပန်မှုများမြင့်တက်လာခြင်းတို့ကြောင့် အဓိကဘာစမာတီဆန် အမျိုးအစားများ၏ ဈေးနှုန်းများမှာ သိသိသာသာကျဆင်းခဲ့ကြောင်း သိရသည်။

ဘာစမာတီဆန်အမျိုးအစား ၁၁၂၁ ၏ပြည်တွင်းဈေးနှုန်းမှာ လွန်ခဲ့သည့်အပတ်က ၁ ကီလိုဂရမ်လျှင် ရူပီး ၈၅ ရှိရာမှ ယခုအခါ ရူပီး ၈၀ သို့ကျဆင်းသွားပြီး အမျိုးအစား ၁၅၀၉ နှင့် ၁၇၁၈ တို့မှာလည်း ၁ ကီလိုဂရမ် လျှင် ရူပီး ၇၀ မှ ရူပီး ၆၅ သို့ အသီးသီးကျဆင်းသွားကြောင်း သိရသည်။

IREF က အီရန်နိုင်ငံသို့ တင်ပို့မှုများ ရေရှည်နှေးကွေးသွားနိုင်သည့်အခြေအနေကို ကုစားနိုင်ရန်အတွက် အနောက်အာရှ၊ အာဖရိကနှင့် ဥရောပတစ်လွှားရှိ အခြားရွေးချယ်စရာဈေးကွက်သစ်များသို့ တိုးချဲ့တင်ပို့ကြရန် သက်ဆိုင်သူများအား အကြံပြုချက်ထုတ်ပြန်ကာ တိုက်တွန်းခဲ့ကြောင်း သိရသည်။

အီရန်နိုင်ငံနှင့် ဆက်လက်ကုန်သွယ်နေသည့် နိုင်ငံများသည် ၂၅ ရာခိုင်နှုန်း အကောက်ခွန်နှင့် ရင်ဆိုင်ရနိုင်ကြောင်း အမေရိကန်သမ္မတ Donald Trump ၏ မကြာသေးမီက ပြောကြားချက်အပေါ် စိုးရိမ်ပူပန်မှုများကိုလည်း အဆိုပါအဖွဲ့ချုပ်က ထည့်သွင်းပြောကြားခဲ့ကြောင်း တွေ့ရသည်။

အမေရိကန်ပြည်ထောင်စုသို့ အိန္ဒိယဆန်တင်ပို့မှုများအပေါ် ယခင်က ၁၀ ရာခိုင်နှုန်းသာ ကောက်ခံခဲ့သော်လည်း ယခုအခါ ၅၀ ရာခိုင်နှုန်းအထိ တိုးမြှင့်ကောက်ခံနေပြီဖြစ်ကြောင်း IREF က ရှင်းလင်းပြောကြားခဲ့သည်။

သို့သော်လည်း အမေရိကန်ပြည်ထောင်စုသို့ အိန္ဒိယဆန်တင်ပို့မှုမှာ ဆက်လက်ခိုင်မာနေဆဲဖြစ်ကြောင်းသိရသည်။ အိန္ဒိယနိုင်ငံသည် ၂၀၂၅-၂၆ ဘဏ္ဍာနှစ် ဧပြီလမှ နိုဝင်ဘာလအထိ အမေရိကန်ပြည်ထောင်စုသို့ ဘာစမာတီနှင့် ဘာစမာတီမဟုတ်သော ဆန်တန်ချိန် ၂၄၀,၅၁၈ တင်ပို့ခဲ့ပြီး ၎င်းမှာ ၂၀၂၄-၂၅ ဘဏ္ဍာနှစ်တစ်ခုလုံးတွင် တင်ပို့ခဲ့သည့် တန်ချိန် ၂၃၅,၅၅၄ ထက် ပိုမိုများပြားကြောင်း တွေ့ရသည်။ အမေရိကန်ပြည်ထောင်စုသည် ကမ္ဘာလုံးဆိုင်ရာ အိန္ဒိယဆန်တင်ပို့မှုတွင် ၁၀ ခုမြောက်အကြီးဆုံးဈေးကွက်ဖြစ်ပြီး ဘာစမာတီဆန်အတွက်မူ စတုတ္ထမြောက်အကြီးဆုံးဈေးကွက်ဖြစ်ကြောင်း သိရသည်။

Source: The Hindu Businessline, Iran unrest hits Indian basmati rice exports, prices fall sharply as payment delays mount: industry body, January 13, 2026., (ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး၊ ကော်လ်ကတ္တားမြို့)

Source:[https://myantrade.gov.mm/article/STP(Ygn)_19012026_12:45](https://myantrade.gov.mm/article/STP(Ygn)_19012026_12:45)

## အိန္ဒိယ၏စံချိန်တင်ဆန်စပါးထွက်ရှိမှုကြောင့် ကမ္ဘာ့ဆန်ဈေးနှုန်းများ ဆက်လက်ကျဆင်းဖွယ်ရှိ

အိန္ဒိယတောင်သူများသည် ယခုနှစ်တွင် ဆန်စပါးများကို စံချိန်တင်ပိုမိုရိတ်သိမ်းနိုင်မည်ဖြစ်သောကြောင့် ယင်းအခြေအနေသည် ရိက္ခာဖူလုံနေပြီးသားဖြစ်သော ကမ္ဘာ့ဆန်ဈေးကွက်အတွင်းသို့ ဆန်အမြောက်အမြား ထပ်မံရောက်ရှိလာစေပြီး မူလဈေးနှုန်းများအပေါ် ပိုမိုဖိအားဖြစ်စေကာ ဈေးနှုန်းများ ဆက်လက်ကျဆင်းသွားဖွယ်ရှိနေကြောင်း သိရသည်။

ဆန်ဝယ်လိုအားကျဆင်းနေချိန်နှင့် အဓိကဝယ်ယူနေသည့်နိုင်ငံအချို့က သွင်းကုန်စည်းမျဉ်းများကို တင်းကျပ်ထားချိန်တွင် အိန္ဒိယတောင်သူများအနေဖြင့် ဤဈေးနှုန်းကျဆင်းမှုဒဏ်ကို အဆိုးရွားဆုံးခံစားရနိုင်ကြောင်းနှင့် ကမ္ဘာ့အကြီးဆုံးဆန်ထုတ်လုပ်သည့် အိန္ဒိယနိုင်ငံမှ စိုက်ပျိုးထုတ်လုပ်သူများသည် ထိုင်းနှင့် ဗီယက်နမ်ကဲ့သို့သော ပြိုင်ဘက်နိုင်ငံများကို ယှဉ်ပြိုင်နိုင်စွမ်းရှိစေရန်အတွက် ဆန်ဈေးနှုန်းများကို မဖြစ်မနေ လျှော့၍ရောင်းချရမည့် အခြေအနေနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

ယခုအချိန်တွင် အိန္ဒိယ၌ ဆန်များစွာပိုလျှံနေသည့်အတွက် ဝယ်မည့်သူများက ချက်ချင်းမဝယ်သေးဘဲ ရောင်းမည့်သူများအား မည်သည့်အချိန်အထိ စောင့်နိုင်မည်ဆိုသည်ကိုစမ်းနေကြကြောင်း Olam India ၏ ဒုတိယမန်နေဂျင်းဒါရိုက်တာ Nitin Gupta က ပြောကြားခဲ့သည်။ Raipur တွင်ပြုလုပ်ခဲ့သည့် အိန္ဒိယနိုင်ငံတကာဆန်စပါးထိပ်သီးအစည်းအဝေးတွင် ၎င်းက ဆန်အဓိကထွက်ရှိသည့် နိုင်ငံများ၌လည်း အရန်ဆန်များ စုမိနေသောကြောင့် ကမ္ဘာ့ဆန်ဈေးမှာ ဆက်ပြီးကျရန်သာရှိကြောင်း ပြောကြားခဲ့သည်။

အိန္ဒိယ စိုက်ပျိုးရေးဝန်ကြီးဌာန၏ ခန့်မှန်းချက်အရ ၂၀၂၅-၂၆ ရာသီ၌ မိုးစပါးထွက်နှုန်းသည် တန်ချိန် ၁၂၄ ဒသမ ၅ သန်းအထိရှိခဲ့ပြီး စံချိန်တင် အထွက်တိုးခဲ့ကြောင်း၊ မိုးစပါးကို ပုံမှန်အားဖြင့် ဇွန်လနှင့် ဇူလိုင်လများတွင်စိုက်ပျိုးကြကြောင်း၊ အာဖရိကနှင့် အရှေ့အလယ်ပိုင်းနိုင်ငံများမှ အဝယ်အေးနေသောကြောင့် အိန္ဒိယဆန်ဈေးသည် ယခုလက်ရှိတစ်တန်လျှင်ဒေါ်လာ ၃၅၀ ဝန်းကျင်မှ လာမည့်မတ်လ သို့မဟုတ် ဧပြီလလောက်တွင် ၁၅ ဒေါ်လာ မှ ၂၅ ဒေါ်လာခန့်အထိ ကျသွားနိုင်ကြောင်း Nitin Gupta က ဆက်လက် ပြောကြားခဲ့သည်။

အာရှ၏စံသတ်မှတ်ထားသော ဆန်ဈေးနှုန်းများသည် ထိုင်းနိုင်ငံဘက်မှ ဆန်တင်ပို့မှုလျော့ကျသွားနိုင်သည်ဆိုသော ခန့်မှန်းချက်များကြောင့် အောက်တိုဘာလကုန်ပိုင်း၌ ၁၀ နှစ်တာအတွင်း အနိမ့်ဆုံးအဆင့်မှ ၂၀ ရာခိုင်နှုန်းကျော်ပြန်တက်

လာခဲ့သော်လည်း ယခုအပတ်ထဲတွင် ဒီဇင်ဘာ ၂၄ ရက် ကထက် ၄ ရာခိုင်နှုန်းကျော် ပြန်ကျသွားခဲ့ကြောင်း၊ ထို့ပြင် ဖိလစ်ပိုင်နှင့် အင်ဒိုနီးရှားကဲ့သို့ ဆန်အမြောက်အမြားဝယ်ယူနေသည့်နိုင်ငံများက တင်သွင်းမှုများကို ကန့်သတ်လိုက်သည့်အတွက် အာရှနိုင်ငံများ၏ စပါးစိုက်တောင်သူများကို အခက်တွေ့စေခဲ့ကြောင်း သိရသည်။

ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO)၏ အစီရင်ခံစာတွင် အိန္ဒိယ၌ စပါးစိုက်ပျိုးမှုအားကောင်းခဲ့သောကြောင့် ၂၀၂၅-၂၆ ရာသီတွင် တစ်ကမ္ဘာလုံး၏ ဆန်ထွက်နှုန်းသည် တန်ချိန် ၅၅၈ ဒသမ ၈ သန်း အထိရှိပြီး စံချိန်သစ်တင်လိမ့်မည်ဟု ခန့်မှန်းထားကြောင်း၊ ယခုကဲ့သို့အထွက်နှုန်း အဆမတန်များလာသောကြောင့် ကမ္ဘာ့အရန်ဆန်စုဆောင်းထားရှိမှုပမာဏသည်လည်း အမြင့်ဆုံးစံချိန်သစ်ကို ရောက်သွားနိုင်ကြောင်း သိရသည်။

Source: India’s record rice crop is set to deepen slide in global prices, The Economic Times, Jan 10, 2026.

(မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး၊ နယူးဒေလီမြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_14012026_13:52

## အင်ဒိုနီးရှားနိုင်ငံသည် ၂၀၂၆ ခုနှစ်တွင် တစ်နိုင်ငံလုံး ဆန်ဈေးနှုန်း တစ်ပြေးညီဖြစ်ရေး မူဝါဒချမှတ်ရန်စီစဉ်လျက်ရှိ

အင်ဒိုနီးရှားနိုင်ငံသည် ဒေသများအကြား ဈေးနှုန်းကွာဟချက်များကို လျှော့ချရန်အတွက် ၂၀၂၆ ခုနှစ် တွင်စတင်မည့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆန်ဈေးနှုန်းများ တစ်ပြေးညီဖြစ်စေရေးမူဝါဒကို အကောင်အထည်ဖော်ရန် ပြင်ဆင်နေကြောင်း အင်ဒိုနီးရှားစားနပ်ရိက္ခာရေးရာညှိနှိုင်းရေးဝန်ကြီး Zulkifli Hasan က ဇန်နဝါရီလ ၁၂ ရက်နေ့တွင် ပြောကြားခဲ့ကြောင်း ဒေသခံမီဒီယာများက ကိုးကားဖော်ပြခဲ့သည်။ ယင်းမူဝါဒသည် အရှေ့ပိုင်းအင်ဒိုနီးရှားအပါအဝင် နိုင်ငံတစ်ဝှမ်းတွင် ဆန်ဈေးနှုန်းများတစ်ပြေးညီဖြစ်စေရန်ရည်ရွယ်ပြီး အစိုးရကထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ စိန်ခေါ်မှုများကိုဖြေရှင်းရန် ဖြန့်ဖြူးရေးဆိုင်ရာ ဘဏ္ဍာရေး ထောက်ပံ့မှုဖြစ်ကြောင်း သိရသည်။ အင်ဒိုနီးရှားနိုင်ငံရှိ ဆန်ဈေးနှုန်းများကိုပိုမိုမြင့်တင်ပေးခြင်းမဟုတ်ဘဲ ၂၀၂၆ ခုနှစ် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆန်ဈေးနှုန်းတစ်ခုတည်းကိုကျင့်သုံးရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စားနပ်ရိက္ခာဆိုင်ရာညှိနှိုင်းအစည်းအဝေးတစ်ခုအပြီးတွင် Hasan က ပြောကြားခဲ့သည်။

အဓိကရိတ်သိမ်းရာသီသည် ဖေဖော်ဝါရီလတွင်စတင်၍ ပိုမိုစောစီးစွာစတင်နိုင်သည်ဟု ခန့်မှန်းထားသော်လည်း ဈေးနှုန်းတည်ငြိမ်မှုကို အထောက်အကူပြုရန် မျှော်လင့်ရသည့်ကြားတွင် အာဏာပိုင်များသည် အမျိုးသားဆန်ထောက်ပံ့မှုအခြေအနေများကိုလည်း ပြန်လည်သုံးသပ်ခဲ့ကြောင်း ထပ်လောင်းပြောကြားခဲ့သည်။ မူဝါဒအတွက် ရည်ညွှန်းအဖြစ် ဆွေးနွေးထားသော ဈေးနှုန်းများတွင် ပရီမီယံဆန်တစ်ကီလိုဂရမ်လျှင် ၁၄,၉၀၀ ရူပီးယား (အမေရိကန်ဒေါ်လာ သုည ဒသမ ၉၆ ခန့်) နှင့် အလတ်စားဆန်တစ်ကီလိုဂရမ်လျှင် ၁၃,၅၀၀ ရူပီးယားတို့ပါဝင်သည်။ Bulog ၏ စားနပ်ရိက္ခာထောက်ပံ့မှုနှင့် ဈေးနှုန်းတည်ငြိမ်ရေး အထောက်အပံ့ပေးသည့်အစီအစဉ်အရ ဝင်ငွေနည်း လူတန်းစားအုပ်စုများအတွက် ဆန်ကို တစ်ကီလိုဂရမ်လျှင် ၁၁,၀၀၀ မှ ၁၂,၀၀၀ ရူပီးယားအကြား ရောင်းချမည်ဖြစ်ကြောင်းသိရသည်။ ထိုဆန်ဈေးနှုန်းတည်ငြိမ်စေရေးမူဝါဒသည် ပြင်ဆင်နေဆဲဖြစ်ပြီး ဖြန့်ဖြူးရေး၊ ငွေကြေးထောက်ပံ့မှုနှင့် အခြေခံအဆောက်အအုံများအပါအဝင် နယ်ပယ်များတွင် ညှိနှိုင်းပံ့ပိုးမှုများလည်း လိုအပ်မည်ဖြစ်ကြောင်း Hasan က ပြောကြားခဲ့ကြောင်း သိရသည်။ Source: Xinhua

Source: https://www.doca.gov.mm/my/node/62720

## ထိုင်းနိုင်ငံအစိုးရက ဆန်အတွက် အထောက်အပံ့ဆိုင်ရာအစီအမံများကို သက်တမ်းတိုးခဲ့

လက်ရှိကမ္ဘာ့ဆန်ဈေးကွက် အတက်အကျဖြစ်နေမှုကြောင့် ဆန်အထောက်အပံ့ဆိုင်ရာ အစီအမံများ သက်တမ်းတိုးခြင်းကို ထိုင်းနိုင်ငံအစိုးရအဖွဲ့က ခွင့်ပြုခဲ့ကြောင်း ဗန်ကောက်ပို့စ်သတင်းစာတွင် “State rice support measures extended” ခေါင်းစဉ်ဖြင့် ဖော်ပြထားသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက အစိုးရအဖွဲ့အစည်းအဝေးသို့ ကိစ္စရပ် ၃ ခုအတွက် ခွင့်ပြုချက်တောင်းခံခဲ့ကြောင်း၊ ပထမကိစ္စရပ်မှာ ၂၀၂၃-၂၀၂၄ စပါးစိုက်ပျိုးရာသီမှ စပါးများသိုလှောင်ထား သောဆန်ကုန်သည်များအတွက် အတိုးလျော့ကြေးပေးရေးအစီအစဉ်ကို သက်တမ်းတိုးပေးရန်ဖြစ်ပြီး ယင်းအစီ အစဉ်သည် ၂၀၂၅ ခုနှစ် အောက်တိုဘာ ၃၁ ရက်နေ့တွင် သက်တမ်းကုန်ဆုံးခဲ့ပြီးဖြစ်သော်လည်း လက်ရှိကမ္ဘာ့ဆန်ဈေးကွက်အတက်အကျဖြစ်နေမှုကြောင့် ၂၀၂၆ ခုနှစ် ဧပြီလ ၃၀ ရက်နေ့ထိ နောက်ထပ် ၆ လ သက်တမ်းတိုးပေးရန်ဖြစ်ကြောင်း၊ ဆန်သိုလှောင်မှုအတွက် အတိုးလျော့ကြေးပေးရေးအစီအစဉ်သည် တောင်သူများထံမှ စပါးဝယ်ယူရန် ငွေဖြစ်လွယ်မှုတိုးမြှင့်စေခြင်းဖြင့် ဆန်ကုန်သည်များအတွက် အစိုးရအစီအမံ

တစ်ခုဖြစ်ကြောင်း၊ အဆိုပါအစီအစဉ်၏ အတိုးနှုန်းမှာ ၁ နှစ်လျှင် ၃ ရာခိုင်နှုန်းမှ ၄ ရာခိုင်နှုန်းဖြစ်ပြီး ဈေးကွက်အတွင်းသို့ ဆန်အလုံးအရင်းဖြင့် ဝင်လာသည့်ကာလအတွင်း ဝယ်ယူသိုလှောင်နိုင်ရန် ဘဏ်မှ ချေးငွေရယူသည့်ကုန်သည်များအတွက်ဖြစ်ကြောင်း အစိုးရပြောရေးဆိုခွင့်ရှိသူ Mr. Siripong Angkasakulkiat က ပြောကြားခဲ့သည်။

ဒုတိယကိစ္စရပ်မှာ ၂၀၂၅-၂၀၂၆ ဆန်ထုတ်လုပ်သည့်ရာသီအတွင်း စပါးနောက်ကျရောင်းချသည့် ချေးငွေအစီအစဉ်တွင် ပါရှိသည့် ဆန်ဖြူ၊ ပသူသမီဆန်နှင့် ကောက်ညှင်းဆန်တို့အတွက် ၁ တန်လျှင် ချေးငွေ ကန့်သတ်ချက်ကို လျှော့ချပေးရန်ဖြစ်ကြောင်း၊ နိုင်ငံအဆင့် ဆန်မူဝါဒနှင့် စီမံခန့်ခွဲမှုကော်မတီက ဆန်ဈေးနှုန်း ကို ၂၀၂၅ ခုနှစ် နိုဝင်ဘာလပျမ်းမျှနှုန်းထားအပေါ် တွက်ချက်ရာ ချေးငွေပမာဏမှာ ဘတ် ၃၆ ဒသမ ၂၃ ဘီလီယံမှ ၃၅ ဒသမ ၀၁ ဘီလီယံသို့ လျှော့နည်းသွားကြောင်း၊ အစိုးရအဖွဲ့က အဆိုပြုလွှာ ၂ ခုပေါ် ခွင့်ပြုပေးခဲ့သော်လည်း လာမည့်အစိုးရသစ်အတွက် ကတိချည်နှောင်ထားခြင်းမပြုကြောင်း၊ တတိယတစ်ခုမှာ အရည်အသွေးမြင့်ဆန်စိုက်ပျိုးရန်အတွက် တောင်သူအုပ်စု ၂၀၀ အပေါ် ထောက်ပံ့ပေးမည့် ဘတ် ၁၂၀ သန်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

၂၀၂၅-၂၀၂၆ စိုက်ပျိုးရာသီတွင် ဆန်တန်ချိန် ၃ သန်းကောက်ယူမှုနှင့်စပ်လျဉ်း၍ ၂၀၂၇ ခုနှစ် မတ်အထိ ဆောင်ရွက်ရန် သတ်မှတ်ထားကြောင်း၊ ယင်းအစီအစဉ်သည် အစိုးရဘတ်ဂျက်နှင့် အရေးပေါ်ရန်ပုံငွေမှ ဘတ်  ၁ ဒသမ ၆၈ ဘီလီယံရယူဆောင်ရွက်ရမည်ဖြစ်ရာ လာမည့်အစိုးရသစ်အတွက် ကတိကဝတ်ဖြစ်စေနိုင်သောကြောင့် ဆက်လက်ဆောင်ရွက်ခြင်းမပြုရန် ဆုံးဖြတ်ခဲ့ကြောင်း Mr. Siripong က ဖြည့်စွက်ပြောကြားခဲ့သည်။

Source: www.bangkokpost.com ,

(သီတာဝင်း၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)

Source:  https://myantrade.gov.mm/article/STP(Ygn)_13012026_12:15

## ဈေးနှုန်းကွာဟချက်မရှိခြင်းကြောင့် အိန္ဒိယနိုင်ငံ၏ပြောင်းတင်ပို့မှုပြန်လည်ဦးမော့လာ

အိန္ဒိယနိုင်ငံ၏ပြောင်းတင်ပို့မှုသည် ဈေးနှုန်းကွာဟချက်မရှိခြင်းကြောင့် ၂၀၂၄-၂၅ ဘဏ္ဍာနှစ်တွင် ငါးနှစ်တာအတွင်း အနိမ့်ဆုံးအဆင့်သို့ ကျဆင်းခဲ့သော်လည်း ယခုနှစ်တွင် ပြည်တွင်း၌ ထုတ်လုပ်မှုပိုမိုမြင့်မားလာခြင်းနှင့် ပြည်ပဝယ်ယူသူများအတွက် ဈေးနှုန်းများမှာ အဆင်ပြေချောမွေ့လာခြင်းတို့ကြောင့် ပြန်လည်ဦးမော့လာကြောင်း The Hindu Businessline သတင်းဌာနက ယခုလ ၈ ရက်က ဖော်ပြသည်။

ယခုဘဏ္ဍာနှစ် ဧပြီလမှ အောက်တိုဘာလအထိ တင်ပို့မှုပမာဏမှာ တန်ချိန် ၂ ဒသမ ၈၄ သိန်းကျော် ရှိပြီး ယခင်နှစ်အလားတူကာလရှိ တန်ချိန် ၂ ဒသမ ၃၆ သိန်းနှင့်နှိုင်းယှဉ်ပါက ၂၀ ရာခိုင်နှုန်းမြင့်တက်လာကြောင်း တွေ့ရသည်။ တန်ဖိုးအားဖြင့် ပြောင်းတင်ပို့မှုသည် ဧပြီလမှ အောက်တိုဘာလအတွင်း အမေရိကန် ဒေါ်လာ ၁၁၂ ဒသမ ၄၉ သန်းရှိခဲ့ရာ ယခင်နှစ်အလားတူကာလရှိ အမေရိကန်ဒေါ်လာ ၈၇ ဒသမ ၆၃ သန်းထက် ၂၈ ရာခိုင်နှုန်းတိုးတက်လာကြောင်း သိရသည်။

"ယခုနှစ်တွင် ဈေးနှုန်းများမှာ တွက်ခြေကိုက်သည့်အနေအထားတွင်ရှိနေသဖြင့် ပြောင်းတင်ပို့မှုများ ဆောင်ရွက်လျက်ရှိသည်။ သို့ရာတွင် အဓိကဈေးကွက်တစ်ခုဖြစ်သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ လက်ရှိအခြေအနေများကြောင့် ကုန်သွယ်မှုကို သတိထားဆောင်ရွက်နေရသည်" ဟု IGrain India မှ Rahul Chauhan က ပြောကြားခဲ့သည်။ ယခင်နှစ်က ပြည်တွင်းဈေးနှုန်းများမြင့်မားခဲ့ခြင်းကြောင့် အဆိုပါပြောင်းတင်ပို့မှုမှာ သိသိသာသာနှေးကွေးခဲ့ကြောင်း တွေ့ရသည်။

၂၀၂၄-၂၅ ဘဏ္ဍာနှစ်အတွင်း ပြည်တွင်းဈေးနှုန်းများမြင့်မားခြင်း၊ ကြက်ဘဲမွေးမြူရေး၊ အီသနောနှင့် ကော်မှုန့် ထုတ်လုပ်သူများထံမှ ဝယ်လိုအားမြင့်မားခြင်းတို့ကြောင့် ပြောင်းတင်ပို့မှုမှာ တန်ဖိုးအားဖြင့် အမေရိကန် ဒေါ်လာ ၂၀၁ ဒသမ ၁၇ သန်းရှိသော တန်ချိန် ၅ ဒသမ ၅၆ သိန်းအထိ အနိမ့်ဆုံးသို့ကျဆင်းခဲ့ကြောင်း တွေ့ရသည်။ ၂၀၂၃-၂၄ ဘဏ္ဍာနှစ်တွင် အဆိုပါ ပြောင်းတင်ပို့မှုမှာ တန်ဖိုးအားဖြင့် အမေရိကန် ဒေါ်လာ ၄၄၃ သန်းရှိသော တန်ချိန် ၁၄ ဒသမ ၄၂ သိန်းအထိရှိခဲ့ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၏ ၂၀၂၅ ခုနှစ် ခရစ်ဖ်(Kharif) စိုက်ပျိုးရာသီအတွင်း ပြောင်းထုတ်လုပ်မှုသည် တောင်သူများက စိုက်ပျိုးဧရိယာကို သိသိသာသာတိုးချဲ့ခဲ့ခြင်းကြောင့် ယခင်နှစ် အလားတူရာသီရှိ တန်ချိန် ၂၄ ဒသမ ၈ သန်းထက်မြင့်တက်လာပြီး စံချိန်တင်တန်ချိန် ၂၈ ဒသမ ၃ သန်းအထိရှိလာနိုင်မည်ဟု ခန့်မှန်းထားကြောင်းသိရသည်။ အိန္ဒိယနိုင်ငံသည် ၂၀၂၄-၂၅ ဘဏ္ဍာနှစ်အတွင်း စံချိန်တင်တန်ချိန် ၄၃ ဒသမ ၄ သန်းအထိ ထုတ်လုပ်ခဲ့ကြောင်း တွေ့ရသည်။

လက်ရှိဖြစ်ပေါ်နေသော ရာဘီ(Rabi) စိုက်ပျိုးရာသီတွင် ဇန်နဝါရီလ ၂ ရက်နေ့အထိ ပြောင်းစိုက်ပျိုးမှု ဧရိယာမှာ ဟက်တာ ၂၃ ဒသမ ၃၂ သိန်းရှိပြီး ယခင်နှစ် အလားတူကာလရှိ ဟက်တာ ၂၁ ဒသမ ၈၇ သိန်းထက် ၆ ဒသမ ၆ ရာခိုင်နှုန်း ပိုမိုမြင့်မားလာကြောင်း သိရသည်။

အိန္ဒိယတစ်နိုင်ငံလုံးရှိ လက်ကားဈေးကွက်များ၏ ပျမ်းမျှလက်ကားဈေးနှုန်းမှာ ၁ ကွင်တယ်(၁၀၀ ကီလိုဂရမ်)လျှင် ရူပီး ၁,၇၁၀ ဝန်းကျင်တွင်ရှိနေပြီး ၎င်းမှာ အစိုးရကသတ်မှတ်ထားသော အနိမ့်ဆုံးအာမခံဈေးနှုန်း (ကြမ်းခင်းဈေး) ဖြစ်သည့် ၁ ကွင်တယ်(၁၀၀ ကီလိုဂရမ်)လျှင် ရူပီး ၂,၄၀၀ ထက် ၂၈ ရာခိုင်နှုန်းခန့် လျော့နည်းနေကြောင်း တွေ့ရှိရသည်။ အဆိုပါ ဈေးနှုန်းများကျဆင်းလာမှုကြောင့် ကာနာတာကာပြည်နယ်နှင့် တီလန်ဂါနာပြည်နယ်တို့ကဲ့သို့သော ပြည်နယ်များတွင်စိုက်ပျိုးထုတ်လုပ်သူများကိုကူညီပံ့ပိုးပေးရန်အတွက် ဈေးကွက်အတွင်းဝင်ရောက်ထိန်းညှိမှုများကို စတင်လုပ်ဆောင်နေပြီဖြစ်ကြောင်း သိရသည်။

အမေရိကန်ပြည်ထောင်စု၊ ယူကရိန်းနိုင်ငံနှင့် ဘရာဇီးနိုင်ငံတို့တွင် အထွက်နှုန်းကောင်းမွန်ခဲ့ခြင်းကြောင့် ကမ္ဘာလုံးဆိုင်ရာထောက်ပံ့မှုများကို မြင့်တက်စေခဲ့ပြီး တင်ပို့သူများအနေဖြင့် နိုင်ငံတကာဝယ်လိုအားကို ပိုမိုထိရောက်စွာ ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း Gulati က ပြောကြားခဲ့သည်။

Source: The Hindu Businessline, India’s maize exports rebound on price parity, January 8, 2026.

(ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး၊ ကော်လ်ကတ္တားမြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_19012026_13:54

## ကမ္ဘာ့ပြောင်းဖူးထုတ်လုပ်မှုနှုန်းသည် ဝယ်လိုအား မြင့်တက်လာမှုနှုန်းထက် ပိုမိုများပြားလာ

ကမ္ဘာ့ပြောင်းဖူး လက်ကျန်ပမာဏနှင့် သုံးစွဲမှုအပေါ်မူတည်သည့် လက်ကျန်အချိုး (stocks-to-use ratio) သည် သုံးနှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် ပြန်လည်မြင့်တက်လာတော့မည်ဖြစ်ကြောင်း လေ့လာဆန်းစစ် သူတစ်ဦးက ပြောကြားခဲ့သည်။

London Stock Exchange Group မှ စိုက်ပျိုးရေးသုတေသနမန်နေဂျာ Libin Zhou ၏ ပြောကြားချက်အရ အမေရိကန်ပြည်ထောင်စုတွင် ပြောင်းဖူးအထွက်နှုန်း အလွန်ကောင်းမွန်ခြင်းနှင့် တောင်အမေရိကတွင် သာယာဝပြောသော ရာသီဥတုအခြေအနေများရှိနေခြင်းတို့ကြောင့် ၂၀၂၅-၂၆ ခုနှစ်အတွင်းပြောင်းဖူးထုတ်လုပ်မှုတိုးတက်နှုန်းသည်စားသုံးမှုမြင့်တက်လာမည့်နှုန်းကိုကျော်လွန်သွားမည်ဖြစ်ကြောင်းသိရသည်။ သုံးနှစ်ဆက်တိုက်လျော့နည်းခဲ့ပြီးနောက် ယခုနှစ်တွင်ကမ္ဘာ့ပြောင်းဖူးလက်ကျန်ပမာဏ(Carryout)သည် တန်ချိန် ၂၆ ဒသမ ၁ သန်းခန့် ပြန်လည်မြင့်တက်လာမည်ဟု ခန့်မှန်းထားကြသည်။ ပြောင်းဖူးဈေးနှုန်းများသည် မုယောစပါး (Barley)၊ ဂျုံ (Wheat) နှင့် အခြားသီးနှံဈေးနှုန်းများအပေါ် ဦးဆောင်လွှမ်းမိုးမှုရှိနေသည်။ အမေရိကန်၊ ယူကရိန်းနှင့် တရုတ်နိုင်ငံတို့တွင် အထွက်နှုန်းအလွန်ကောင်းမွန်ခြင်း၊ ဘရာဇီးနိုင်ငံတွင်လည်း ထွက်နှုန်းကောင်းမည့်အလားအလာရှိခြင်းတို့ကြောင့် ကမ္ဘာ့ပြောင်းဖူးထုတ်လုပ်မှုတန်ချိန် ၆၉ သန်းခန့် တိုးတက်လာခြင်းမှာ ယခုအခြေအနေ၏ အကြောင်းရင်းဖြစ်ကြောင်း Argus Media မှ မကြာသေးမီက ပြုလုပ် ခဲ့သော ဝက်ဘ်ဆိုက်ဆွေးနွေးပွဲ (Webinar) တွင် Libin Zhou က ပြော ကြားခဲ့သည်။

ဥရောပအနောက်ပိုင်းနှင့် အရှေ့တောင်ပိုင်းဒေသများတွင်သာ ပြောင်းဖူးထွက်ရှိမှုလျော့နည်းခဲ့သည့် ဒေသများဖြစ်ခဲ့သည်။ ၂၀၂၅ ခုနှစ်အစပိုင်းမှ နွေရာသီအနိမ့်ဆုံးဈေးနှုန်းကာလများအကြား ကမ္ဘာ့ပြောင်းဖူးဈေးနှုန်းများသည် ၂၀ ရာခိုင်နှုန်းကျော်အထိ ထိုးကျသွားခဲ့သည်။ ဥရောပတွင် အထွက်နှုန်းနည်းပါးခြင်းနှင့် အမေရိကန်၏ ပို့ကုန်တင်ပို့မှု အားကောင်းခြင်းတို့ကြောင့် ဈေးနှုန်းများတဖြည်းဖြည်းပြန်လည်မြင့်တက်လာခဲ့သော်လည်း၊ တောင်အမေရိကတွင် ရာသီဥတုသာယာခြင်းနှင့် ဇန်နဝါရီလထုတ် ကမ္ဘာ့စိုက်ပျိုးရေးဆိုင်ရာ ထောက်ပံ့မှုနှင့် ဝယ်လိုအားခန့်မှန်းချက်' (WASDE) အစီရင်ခံစာတွင် အမေရိကန်၏ ထုတ်လုပ်မှုကို တိုးမြှင့်ပြင်ဆင်သတ်မှတ်လိုက်ခြင်းတို့ကြောင့် မကြာသေးမီကဈေးနှုန်းများ ပြန်လည်ကျဆင်းသွားခဲ့သည်။ မက္ကဆီကို၊ ဂျပန်နှင့် ကိုလံဘီယာကဲ့သို့ ပုံမှန်ဈေးကွက်များသို့ အများအပြားရောင်းချခဲ့ရရုံသာမက ဥရောပသမဂ္ဂ (EU)၊ အရှေ့အလယ်ပိုင်းနှင့် မြောက်အာဖရိကနိုင်ငံများမှလည်း အံ့အားသင့်ဖွယ်ကောင်းလောက်အောင် ဝယ်လိုအား အားကောင်းခဲ့ကြောင်း သိရသည်။ ဘရာဇီးနှင့် အာဂျင်တီးနားနိုင်ငံတို့တွင်လည်း ပို့ကုန်တင်ပို့မှုမြင့်တက်လာမည်ဟု ခန့်မှန်းရသည်။ လူဦးရေတိုးပွားလာခြင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာခြင်းနှင့် ပြောင်းဖူးဈေးနှုန်းသက်သာခြင်းတို့ကြောင့် ကမ္ဘာလုံးဆိုင်ရာ တိရစ္ဆာန်အစာအတွက် ပြောင်းဖူးဝယ်လိုအားမှာ ခိုင်မာလျက်ရှိသည်။ အမေရိကန်ပြည်ထောင်စု၏ စုစုပေါင်း တိရစ္ဆာန်အစာလိုအပ်ချက်တွင်

ပြောင်းဖူးသည် ၉၅ ရာခိုင်နှုန်းအထိ ပါဝင်နေပြီး ကမ္ဘာ့ဒုတိယအကြီးဆုံး ကြက်ဘဲမွေးမြူထုတ်လုပ်သည့် ဘရာဇီးနိုင်ငံတွင်လည်း အဓိကအခန်းကဏ္ဍမှ ပါဝင်နေသည်။

ထို့ပြင် ကမ္ဘာ့အက်သနော(Ethanol)လောင်စာဈေးကွက်မှာလည်း ဝယ်လိုအားအလွန်ကောင်းမွန်နေသည်။ ဘရာဇီးနိုင်ငံ စိုက်ပျိုးရေးဌာန (Conab) ၏ ခန့်မှန်းချက်အရ ယခုနှစ်တွင် ဘရာဇီးလယ်သမားများ သည် စံချိန်တင် ဧက ၅၆ သန်းအထိ တိုးမြှင့်စိုက်ပျိုးကြမည်ဖြစ်ရာ ယင်းမှာအထွက်နှုန်းလျော့နည်းဆုံးရှုံးမှုများကို ပြန်လည်ကာမိစေရန် အထောက်အကူပြုမည်ဖြစ်သည်။ ၂၀၂၅-၂၆ ခုနှစ် အတွက် ပြောင်းဖူးထုတ်လုပ်မှု တန်ချိန် ၁၃၈ ဒသမ ၉ သန်း ထွက်ရှိမည်ဟု ခန့်မှန်းထားပြီး၊ ယင်းမှာ မနှစ်ကထွက်ရှိခဲ့သော စံချိန်တင်အများဆုံးပမာဏဖြစ်သည့် ၁၃၉ ဒသမ ၇ သန်းပြီးလျှင် ဒုတိယအမြင့်ဆုံးထုတ်လုပ်မှု ဖြစ်လာမည်ဖြစ်သည်။ အက်သနောကဏ္ဍမှ ဝယ်လိုအား မြင့်တက်လာခြင်းကြောင့် စုစုပေါင်း ဝယ်လိုအားမှာ တန်ချိန် သန်း ၁၄၀ ခန့်ရှိမည်ဟု ခန့်မှန်းရပြီး ယင်းမှာ မနှစ်ကထက် ၁၀ သန်းခန့် ပိုမိုများပြားနေသည်။ ပြောင်းဖူးမှ အက်သနောထုတ်လုပ်မှုသည် လွန်ခဲ့သော ၁၀ နှစ်ခန့်က လုံးဝနီးပါးမရှိသလောက်ဖြစ်ခဲ့သော်လည်း ယခုအခါ လီတာ ၁၀ ဘီလီယံအထိ ထွက်ရှိမည်ဟု ခန့်မှန်းထားကြသည်။ တောင်အမေရိက၏ ရာသီဥတုအခြေအနေနှင့် အမေရိကန်၏ စိုက်ပျိုးရန် ရည်ရွယ်ချက် (Planting intentions) တို့သည် ပြောင်းဖူးဈေးနှုန်းအပေါ် လွှမ်းမိုးမှုရှိလိမ့်မည်ဟု Zhou က ဆိုသည်။ အမေရိကန် လယ်သမားများသည် ယခုနှစ်တွင် ပြောင်းဖူးဧက ၉၃ ဒသမ ၉ သန်းမှ ၉၅ သန်းအထိ စိုက်ပျိုးကြ မည်ဟု Libin Zhou က ခန့်မှန်းထားကြောင်းသိရသည်။

Source : https://www.doca.gov.mm/my/node/63133

## ဘင်္ဂလားဒေ့ရှ်အစိုးရက ပြည်တွင်းတောင်သူများအကျိုးစီးပွားအတွက် အိန္ဒိယကြက်သွန်နီ တင်သွင်းခွင့်ကို ရပ်ဆိုင်း

ဘင်္ဂလားဒေ့ရှ်အစိုးရက နိုင်ငံအတွင်းရှိ ပြည်တွင်းစိုက်ပျိုးရေးတောင်သူများ၏အကျိုးစီးပွားကို ကာကွယ်ရန်အတွက် အိန္ဒိယနိုင်ငံမှ ကြက်သွန်နီတင်သွင်းခွင့်ပါမစ်အသစ်(Fresh Import Permits)များ ထုတ်ပေးခြင်းကို ရပ်ဆိုင်းလိုက်ကြောင်း ထုတ်ပြန်ခဲ့သည်ဟု The Times of India – TOI သတင်းဌာနက ဖော်ပြထားကြောင်း သိရသည်။ အိန္ဒိယနိုင်ငံသည် ၎င်း၏ အိမ်နီးချင်းဖြစ်သော ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ကြက်သွန်နီတန်ချိန် ၁၀ သိန်းခန့်တင်ပို့ထားပြီးဖြစ်သော်လည်း၊ အခြားနိုင်ငံများတွင်မူ အိန္ဒိယကြက်သွန်နီကို ဝယ်လိုအားဆက်လက်မြင့်မားနေဆဲဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားခဲ့သည်။

အိန္ဒိယကြက်သွန်နီ၏ အရည်အသွေးကောင်းမွန်မှုကြောင့် နိုင်ငံတကာဈေးကွက်တွင် ဝယ်ယူသူများ ပိုမိုများပြားလာလိမ့်မည်ဟု မျှော်လင့်ထားကြောင်း တာဝန်ရှိသူတစ်ဦးက TOI သို့ ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံသည် ၂၀၂၃ ခုနှစ် ဩဂုတ်လမှ ၂၀၂၅ ခုနှစ် ဧပြီလအတွင်း ကြက်သွန်နီတင်ပို့မှုအပေါ် ကန့်သတ်ချက်များစွာကို ဆက်တိုက်ချမှတ်ခဲ့ကြောင်း၊ အိန္ဒိယအစိုးရသည် ယခင်ကလည်း ၂၀၁၉ ခုနှစ် စက်တင်ဘာလမှစ၍ ၆ လကြာ တစ်ကြိမ်၊ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလမှစ၍ ၅ လကြာတစ်ကြိမ် ကြက်သွန်နီပြည်ပတင်ပို့မှုကို ပိတ်ပင်ခဲ့ဖူးသည့် သာဓကများရှိခဲ့ကြောင်း၊ ဤကဲ့သို့မကြာခဏဆိုသလို တင်ပို့မှု ကန့်သတ်ခြင်းနှင့် ပိတ်ပင်ခြင်းများကြောင့် အိန္ဒိယကြက်သွန်နီကို အဓိကအားထားဝယ်ယူနေရသည့် နိုင်ငံတကာဈေးကွက်များတွင် ကြက်သွန်နီဈေးနှုန်းများ အဆမတန်မြင့်တက်မှုကို ဖြစ်ပေါ်စေခဲ့ကြောင်း၊ ယင်းကဲ့သို့မူဝါဒအပြောင်းအလဲများကြောင့် ၂၀၂၀ ပြည့်နှစ်အတွင်းက ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် အိန္ဒိယ၏ မကြာခဏပြောင်းလဲတတ်သော ကြက်သွန်နီတင်ပို့မှုဆိုင်ရာမူဝါဒများအပေါ် စိုးရိမ်မကင်းဖြစ်ရကြောင်း ဖော်ပြသည့် သံတမန်ရေးရာအကြောင်းကြားစာ(Diplomatic Note)ကို နယူးဒေလီမြို့သို့ပေးပို့ကာ တရားဝင် အသိပေးပြောကြားခဲ့ရသည့် အခြေအနေအထိ ရှိခဲ့ဖူးကြောင်းလည်း သိရသည်။

လက်ရှိအချိန်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ၎င်း၏ပြည်တွင်းစိုက်ပျိုးရေးတောင်သူများကို အကာအကွယ်ပေးရန်နှင့် ပြည်တွင်းထုတ်လုပ်မှုကိုမြှင့်တင်ရန်ရည်ရွယ်၍ အိန္ဒိယနိုင်ငံမှ ကြက်သွန်နီ တင်သွင်းမှုများကို ရပ်ဆိုင်းထားကြောင်း၊ ပြီးခဲ့သည့် ၂၀၂၃-၂၄ ဘဏ္ဍာနှစ်အတွင်းက အိန္ဒိယသည် ဘင်္ဂလားဒေ့ရှ်သို့ ကြက်သွန်နီတန်ချိန် ၇ ဒသမ ၂၄ သိန်းတင်ပို့ခဲ့ပြီး ယင်းပမာဏမှာ ထိုနှစ်အတွင်း အိန္ဒိယ၏ စုစုပေါင်း ကြက်သွန်နီတင်ပို့မှု တန်ချိန် ၁၇ ဒသမ ၁၇ သိန်း၏ ၄၂ ရာခိုင်နှုန်းအထိရှိခဲ့ကြောင်း၊ သို့သော်လည်း ၂၀၂၅-၂၆ ဘဏ္ဍာနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိကာလအတွင်းတွင်မူ ဘင်္ဂလားဒေ့ရှ်သို့ တင်ပို့မှုမှာ တန်ချိန် ၁၂,၉၀၀ သာရှိတော့သည်ကိုတွေ့ရှိရကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှအိန္ဒိယကြက်သွန်နီကို တင်သွင်းရန်ဝန်လေးနေခြင်းမှာ လက်ရှိဒါကာ(Dhaka)ရှိ အစိုးရသစ်၏ နိုင်ငံရေးဆိုင်ရာသဘောထားများနှင့်လည်းဆက်စပ်နေနိုင်ကြောင်း အိန္ဒိယဗဟိုအစိုးရက ယူဆထားသည်ဟု ဖော်ပြထားကြောင်း သိရသည်။

Source: Bangladesh stops new import permits for onion from India, The Economic Times, January 9, 2026.

(မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး၊ နယူးဒေလီမြို့)

Source:[https://myantrade.gov.mm/article/STP(Ygn)_14012026_13:45](https://myantrade.gov.mm/article/STP(Ygn)_14012026_13:45)

## နိုင်ငံအတွင်းသို့ သကြားတင်သွင်းမှုပိတ်ပင်ချက်အား ၂၀၂၆ ခုနှစ် ဒီဇင်ဘာလအထိ သက်တမ်းတိုးမြှင့်လိုက်သော ဖိလစ်ပိုင်နိုင်ငံ

ဖိလစ်ပိုင်နိုင်ငံသည် ဒီဇင်ဘာလ ၂၁ ရက်နေ့တွင် သကြားတင်သွင်းမှု ပိတ်ပင်ချက်အား လာမည့်နှစ် ဒီဇင်ဘာလအထိ ဆက်လက်ထားရှိမည်ဖြစ်ပြီး ထောက်ပံ့မှုအခြေအနေများ တိုးတက်ကောင်းမွန်လာချိန်တွင် ပြည်တွင်းထုတ်လုပ်သူများအတွက် အကာအကွယ်ပေးမှုကို တိုးချဲ့မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ လက်ရှိ သကြားထုတ်လုပ်မှုနှင့် ဝယ်လိုအားအပေါ်အခြေခံ၍ ကနဦးအကြံပြုထားသည်ထက် ပိုမိုကြာရှည်သော တင်သွင်းမှုရပ်ဆိုင်းခြင်းသည် လိုအပ်ကြောင်း စိုက်ပျိုးရေးဝန်ကြီး Francisco Tiu Laurel က ပြောကြား ခဲ့သည်။

ပြည်တွင်းသကြားစိမ်းထုတ်လုပ်မှုမြင့်တက်လာခြင်းကို ၎င်းက ကိုကားဖော်ပြခဲ့ပြီး ယင်းမူဝါဒသည် ဈေးကွက်တည်ငြိမ်စေရန်ကူညီပေးနေစဉ် ပြည်တွင်းထုတ်လုပ်သောသကြားကို ဦးစားပေးရန်ရည်ရွယ်ကြောင်း အလေးပေးပြောကြားခဲ့သည်။ သကြားစည်းမျဉ်းထိန်းသိမ်းရေးအဖွဲ့၏ မူဝါဒချမှတ်ရေးအဖွဲ့ဖြစ်သော သကြားဘုတ်အဖွဲ့၏ ဥက္ကဋ္ဌအနေဖြင့် Tiu Laurel က အေဂျင်စီသည် စံနှင့်ပရီမီယံအဆင့် သန့်စင်ထားသော သကြားစာရင်းများ၏ တိကျသောပုံရိပ်ကိုထိန်းသိမ်းရန်အတွက် ချက်လုပ်သည့်စက်ရုံလုပ်ငန်းများ စောင့်ကြည့်ခြင်းကို လည်း တိုးမြှင့်သွားမည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Source: Xinhua , [https://www.doca.gov.mm/my/node/62139](https://www.doca.gov.mm/my/node/62139)

Source: [https://myantrade.gov.mm/article/naypyitaw_13012026%201145](https://myantrade.gov.mm/article/naypyitaw_13012026%201145)

## ဗီယက်နမ်ထံမှ ရေထွက်ကုန်များ တင်သွင်းမှု အမေရိကန် ပိတ်ပင်

၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှစတင်၍ ဗီယက်နမ်နိုင်ငံရှိ အဓိကငါးဖမ်းဧရိယာ ၁၂ ခု မှ အမေရိကန်ပြည်ထောင်စုသို့ ရေထွက်ကုန်များတင်သွင်းခြင်းကို တရားဝင်ပိတ်ပင်လိုက်ကြောင်း ကြေညာခဲ့သည်။

ထိုသို့ ရေထွက်ကုန်များတင်သွင်းမှုကို ပိတ်ပင်ခြင်းသည် အမေရိကန်အစိုးရ အမျိုးသားသမုဒ္ဒရာနှင့် လေထုစီမံခန့်ခွဲရေးအဖွဲ့(NOAA)၏ တရားဝင်ဆုံးဖြတ်ချက်တစ်ရပ်ကို လိုက်ပါဆောင်ရွက်ခြင်းသာဖြစ်သည်။ ထိုအဖွဲ့က အဆိုပါ ငါးဖမ်းဧရိယာများအတွက် တန်းတူညီမျှမှုအဆင့် သတ်မှတ်ချက်များကို ငြင်းပယ်လိုက်ခြင်းဖြစ်ပြီး ထိုဒေသများသည် ပင်လယ်နို့တိုက်သတ္တဝါကာကွယ်ရေးအက်ဥပဒေ(MMPA)၏ တင်းကျပ်သော စံသတ်မှတ်ချက်များနှင့် မကိုက်ညီကြောင်းကို အကြောင်းပြု၍ ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ဟိုချီမင်းမြို့ရှိ ထိုင်းကုန်သွယ်ရေးစင်တာ၏ မဟာဗျူဟာမြောက် ခွဲခြမ်းစိတ်ဖြာချက်တစ်ရပ်အရ အဆိုပါအကောင်အထည်ဖော်မှုသည် အမေရိကန် ပင်လယ်စာဈေးကွက်၏ ယှဉ်ပြိုင်မှု အနေအထားတွင် သိသာထင်ရှားသော ပြောင်းလဲမှုတစ်ရပ်ကို ဖြစ်စေသည်ဟု သုံးသပ်ထားသည်။ ရေတိုကာလအတွင်း ရေထွက်ကုန်များ တင်သွင်းမှုကို ပိတ်ပင်လိုက်ခြင်းသည် ထောက်ပံ့မှုကွာဟချက်ကြီးတစ်ခု ဖြစ်ပေါ်စေလိမ့်မည်ဟု ခန့်မှန်းထားကြောင်း၊ အထူးသဖြင့် ဗီယက်နမ်က ဈေးကွက်ဝေစုကြီးစိုးထားသည့် တူနာငါး၊ ပြည်ကြီးငါးနှင့် ကဏန်း စသည့်ကုန်စည်များတွင် အဆိုပါအကျိုးဆက်က ပိုမိုသိသာမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဈေးကွက်ကွာဟချက်သည် အခြားဒေသတွင်းတင်ပို့သူများ အထူးသဖြင့် ထိုင်းနိုင်ငံအနေဖြင့် အမေရိကန်ဈေးကွက်သို့ ဝင်ရောက်ကာ ဈေးကွက်ဝေစုပိုမိုကြီးမားစွာရယူနိုင်ရန် မဟာဗျူဟာမြောက် အခွင့်အရေးတစ်ရပ် ဖန်တီးပေးနေသည်။ လက်ငင်းစီးပွားရေး သက်ရောက်မှုထက်ကျော်လွန်၍ အဆိုပါခြေလှမ်းသည် ပတ်ဝန်းကျင်နှင့် ရေရှည်တည်တံ့မှုဆိုင်ရာ အခြေခံစံနှုန်းများဟူသော အရေးပါမှုသည် ရွေးချယ်စရာနည်းပညာကိစ္စများအဖြစ်မှ ကမ္ဘာ့ကုန်သွယ်ရေး၏ မရှိမဖြစ်အခြေခံ ပင်မထောက်တိုင်များအဖြစ်သို့ ပြောင်းလဲလာပြီဖြစ်ကြောင်း အခိုင်အမာဖော်ပြနေသည်။

ထိုင်းပြည်တွင်းလုပ်ငန်းရှင်များအတွက် အမေရိကန်၏ ယခုအစီအမံသည် အကျိုးအမြတ်ကြီးမားသော အခွင့်အရေးတစ်ရပ်ဖြစ်သကဲ့သို့ တင်းကျပ်လာမည့် မူဝါဒဆိုင်ရာ သတိပေးချက်လည်းဖြစ်သည်။ ထိုင်းနိုင်ငံသည် ၎င်းတို့၏ ခိုင်မာသော

ငါးလုပ်ငန်းစည်းမျဉ်းမူဘောင်နှင့် အပြည်ပြည်ဆိုင်ရာစောင့်ကြည့်ရေးစံချိန်များကိုလိုက်နာမှုတို့ဖြင့်အမေရိကန်သွင်းကုန်လုပ်ငန်းရှင်များ၏ ယုံကြည်မှုကိုမြှင့်တင်ရန် အကောင်းဆုံးအနေအထားတွင် ရှိနေသည်။

သို့ရာတွင် စိစစ်သုံးသပ်ချက်တွင် သတိပေးထားသည်မှာ ပတ်ဝန်းကျင်ဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ ပိုမိုတင်းကျပ်လာနိုင်သည့် အန္တရာယ်မြင့်မားနေဆဲဖြစ်ကြောင်း သိရသည်။

အနာဂတ်ဈေးကွက်သို့ ဝင်ရောက်နိုင်ခွင့်ကိုအာမခံရန် ထိုင်းနိုင်ငံမှ တင်ပို့သူများအနေဖြင့် တင်သွင်း ခွင့်ပြုလက်မှတ် (Certificates of Admissibility – COA) အပါအဝင် စနစ်တကျ ပြုစုထားသော မှတ်တမ်းများကို ဦးစားပေးရမည့်အပြင် ထောက်ပံ့ရေး ကွင်းဆက်တစ်လျှောက်လုံး အပြည့်အဝခြေရာခံရမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသက်ရောက်မှုများသည် ဗီယက်နမ်တွင် တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ သို့မဟုတ် လုပ်ငန်း လည်ပတ်မှုများရှိသည့် ထိုင်းလုပ်ငန်းများအထိ ရိုက်ခတ်သွားမည်ဖြစ်ကြောင်း၊ လုပ်ငန်းများသည် ထုတ်လုပ်မှုနှင့် တင်ပို့မှုဆိုင်ရာ လက်ငင်းစိန်ခေါ်မှုများ ကြုံတွေ့ရနိုင်သော်လည်း ၎င်းအခြေအနေသည် နည်းပညာ လွှဲပြောင်းမှုများကို ဦးဆောင်ရန်နှင့် ရေရှည်တည်တံ့သောစီမံခန့်ခွဲမှု လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရန် ရေရှည်အတွက် မဟာဗျူဟာမြောက် အခွင့်အလမ်းကိုပေးကြောင်း သိရသည်။

ဗီယက်နမ် ငါးလုပ်ငန်းများအား ပင်လယ်နို့တိုက်သတ္တဝါ ကာကွယ်ရေးအက်ဥပဒေ (MMPA) ၏ လိုအပ်ချက်များနှင့် ကိုက်ညီအောင်ကူညီခြင်းဖြင့် ထိုင်းရင်းနှီးမြှုပ်နှံသူများသည် ဒေသတွင်းရေထွက်လုပ်ငန်းကဏ္ဍ အဆင့်မြှင့်တင်ရာတွင် အဓိက အခန်းကဏ္ဍမှ ပါဝင်နိုင်သည်။

အဆုံးစွန်အားဖြင့် အဆိုပါဖွံ့ဖြိုးတိုးတက်မှုသည် ထိုင်းငါးလုပ်ငန်းကဏ္ဍအတွက် ဈေးနှုန်းကို အခြေခံသော ယှဉ်ပြိုင်မှုမှ စံချိန်မြင့်မားမှုနှင့်ရေရှည်တည်တံ့မှုကို အခြေခံသည့်မဟာဗျူဟာသို့ အရေးတကြီးကူးပြောင်းရန်လိုအပ်ကြောင်း ပိုမိုထင်ရှားစေပြီး ကမ္ဘာလုံးဆိုင်ရာဈေးကွက်အတွင်း ယှဉ်ပြိုင်နိုင်စွမ်း ထိန်းသိမ်းရန် မရှိမဖြစ်လိုအပ်သော အဓိကအချက်အလက်သစ်များဖြစ်လာပြီဖြစ်ကြောင်း သိရသည်။

Source: The Nation Thailand, January 11, 2026(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာ ဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့), Source: https://www.doca.gov.mm/my/node/62659

## တောင်ကိုရီးယားနိုင်ငံတွင်း ငါးကွမ်းရှပ်ဈေးနှုန်းမြင့်မားလာခြင်းကြောင့် သတ်မှတ်ပမာဏအတွင်း တင်သွင်းလျှင် သက်သာသောစည်းကြပ်ခွန်နှုန်းထားဖြင့် တင်သွင်းခွင့်ပြုမည့်အစီအစဉ်ကို တိုးချဲ့ ဆောင်ရွက်သွားမည်

တောင်ကိုရီးယားနိုင်ငံတွင်းငါးကွမ်းရှပ်(Mackerel)ဈေးနှုန်းမြင့်မားလာခြင်းကြောင့် သတ်မှတ်ပမာဏ အတွင်းတင်သွင်းလျှင် သက်သာသောစည်းကြပ်ခွန်နှုန်းထားဖြင့် တင်သွင်းခွင့်(Tariff-Rate Quota-TRQs) ပြုမည့် အစီအစဉ်ကို တိုးချဲ့ဆောင်ရွက်သွားမည်ဟု သမုဒ္ဒရာရေးရာနှင့် ငါးလုပ်ငန်းဝန်ကြီးဌာန(Ministry of Oceans and Fisheries)က ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၆ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

၂၀၂၆ ခုနှစ် ဇန်နဝါရီလမှစတင်၍ ပြည်တွင်းသိုလှောင်ထားသည့် Mackerel ငါး တန်ချိန် ၂,၀၀၀ ကို ဈေးကွက်အတွင်း ရောင်းချပေးသွားမည်ဖြစ်ပြီး ရောင်းချရာတွင်လည်း ဈေးနှုန်းကို ၃၀ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းအထိ လျှော့ချပေးသွားမည်ဖြစ်ကြောင်း၊ တစ်ချိန်တည်းမှာပင် ပြည်တွင်းသို့ Mackerel ငါးတန်ချိန် ၂၀,၀၀၀ ကို စည်းကြပ်ခွန်သုညရာခိုင်နှုန်းဖြင့် တင်သွင်းသွားမည်ဖြစ်ပါကြောင်း သမုဒ္ဒရာရေးရာနှင့် ငါးလုပ်ငန်းဝန်ကြီးဌာနက ထုတ်ပြန်ကြေညာခဲ့သည်။

၂၀၂၅ ခုနှစ်အတွင်းက TRQs စနစ်ဖြင့် တင်သွင်းခွင့်ပြုသည့် Mackerel ငါးတန်ချိန်မှာ ၁၀,၀၀၀ အထိသာခွင့်ပြုခဲ့သည့်အတွက် ယခုခွင့်ပြုသည့်ပမာဏသည် နှစ်ဆတိုးလာခြင်းဖြစ်သည်။ ခွင့်ပြုပမာဏထက်ကျော်လွန်သော Mackerel ငါး တင်သွင်းမှုအတွက် တောင်ကိုရီးယားနိုင်ငံသည် လက်ရှိကောက်ခံလျက်ရှိသည့် စည်းကြပ်ခွန်မှာ ၁၀ ရာခိုင်နှုန်း ဖြစ်သည်။

တောင်ကိုရီးယားနိုင်ငံသည် နော်ဝေနိုင်ငံမှ Mackerel ငါးများကို အများဆုံးတင်သွင်းလျက်ရှိကြောင်း၊ စုစုပေါင်း Mackerel ငါးတင်သွင်းမှု၏ ၈၀ - ၉၀ ရာခိုင်နှုန်းကို နော်ဝေနိုင်ငံမှ တင်သွင်းနေသော်လည်း ယင်းနိုင်ငံတွင် ငါးဖမ်းမှုခွဲတမ်းကို လျှော့ချလိုက်သည့်အတွက် ထုတ်လုပ်မှုကျဆင်းနေကြောင်း၊ သို့ဖြစ်၍ တောင်ကိုရီးယားပြည်တွင်း Mackerel ငါးရောင်းလိုအား တည်ငြိမ်စေရန် နော်ဝေနိုင်ငံအပါအဝင် ဗြိတန်နိုင်ငံနှင့်ချီလီနိုင်ငံတို့မှ Mackerel ငါးကို TRQs စနစ်ဖြင့် တင်သွင်းခွင့်ပြုမည်ဖြစ်ကြောင်း သမုဒ္ဒရာရေးရာနှင့် ငါးလုပ်ငန်းဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

ထို့ပြင် သမုဒ္ဒရာရေးရာနှင့် ငါးလုပ်ငန်းဝန်ကြီးဌာနသည် ပြည်တွင်း Mackerel ငါးဈေးနှုန်းတည်ငြိမ်စေ ရန် ရည်ရွယ်၍ အထူးလျှော့ဈေးပေးသည့် အစီအစဉ်များကို ၈-၁-၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၈ မှ ၂၅ ရက်နေ့အထိ ပြုလုပ်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ထားသည်။ Source: The Korea Herald ,(ပပ၊ စီးပွားရေးသံမှူး၊ ဆိုးလ်မြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_19012026_11:38

## ရုရှားရေနံဈေးနှုန်းအမြင့်ဆုံးကန့်သတ်ဈေးကို ဥရောပသမဂ္ဂမှ တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၄၄ ဒသမ ၁ သို့ လျှော့ချမည်

ဥရောပသမဂ္ဂ(EU)သည် ရုရှားရေနံအပေါ် သတ်မှတ်ထားသော ဈေးနှုန်းအမြင့်ဆုံးကန့်သတ်ဈေး (Price Cap)ကို လက်ရှိ တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၄၇ ဒသမ ၆ မှ ၄၄ ဒသမ ၁ သို့ ထပ်မံ လျှော့ချ မည်ဖြစ်ပြီး ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်နေ့မှစတင်၍ အကျိုးသက်ရောက်မည်ဖြစ်ကြောင်း ဥရောပ ကော်မရှင်က ထုတ်ပြန်သောစာရွက်စာတမ်းများအရ သိရသည်။

၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာ ၅ ရက်နေ့တွင် ဥရောပသမဂ္ဂသည် ရုရှားရေနံကို ပင်လယ်ရေကြောင်းဖြင့် တင်ပို့ခြင်းအပေါ် ပိတ်ပင်သော အရေးယူပိတ်ဆို့မှုကို ချမှတ်ခဲ့သည်။ G7 နိုင်ငံများ၊ ဥရောပသမဂ္ဂနှင့် ဩစတြေးလျတို့သည် ပင်လယ်ရေကြောင်း မှတင်ပို့သော ရုရှားရေနံအတွက် တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၆၀ ဈေးနှုန်းကန့်သတ်ချက်ကို တစ်ပြိုင်နက်တည်းစတင်ခဲ့ပြီး ယင်းဈေးနှုန်းထက် မြင့်မားသော ရေနံအတွက် သယ်ယူပို့ဆောင်ရေးနှင့် ဆက်စပ်ဝန်ဆောင်မှုများကို တားမြစ်ခဲ့သည်။

ထို့ပြင် ရုရှားရေနံထုတ်ကုန်များအပေါ် အလားတူကန့်သတ်ချက်များကို ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီ ၅ ရက်နေ့တွင် စတင် အသက်ဝင်ခဲ့သည်။ ၂၀၂၅ ခုနှစ် စက်တင်ဘာ ၃ ရက်နေ့တွင် ရေနံဈေးနှုန်းကန့်သတ်ချက်ကို တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၄၇ ဒသမ ၆ အထိထပ်မံလျှော့ချခဲ့ပြီး ဇန်နဝါရီလ ၃၁ ရက်နေ့တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်သည်။

ရုရှားနိုင်ငံတွင် ရေနံဈေးနှုန်းအမြင့်ဆုံးကန့်သတ်ဈေးများ၏ အစီအမံအောက်တွင် ရေနံရောင်းချခြင်းကိုတားမြစ်ထား သည်။ ရုရှားသည် ဥရောပသမဂ္ဂမှ ချမှတ်ထားသည့် ဈေးနှုန်းအမြင့်ဆုံးသတ်မှတ်ချက်ကို ဈေးကွက်မဟုတ်သော တူရိယာ တစ်ခုအဖြစ် သတ်မှတ်ထားပြီး ယင်းကို “ရုရှားရေနံနှင့်ရေနံထွက်ကုန်များအပေါ် ဈေးနှုန်းကန့်သတ်ချက်များချမှတ်ခြင်းနှင့် ဆက်စပ်၍ လောင်စာနှင့် စွမ်းအင်ကဏ္ဍတွင် အထူးစီးပွားရေး အစီအမံများ ကျင့်သုံးခြင်းဆိုင်ရာ” အမိန့်ဖြင့် ထုတ်ပြန်ထားသည်။

ယင်းအမိန့်သည် ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်နေ့တွင် စတင်အသက်ဝင်ခဲ့ပြီး အကြိမ်ပေါင်းများစွာ သက်တမ်းတိုးခဲ့ ကာ မကြာသေးမီက ၂၀၂၅ ခုနှစ်ကုန်အထိ သက်တမ်းရှိခဲ့သည်။ လက်ရှိတွင် အဆိုပါအမိန့်ကို ၂၀၂၆ ခုနှစ် ဇွန်လ ၃၀ ရက်အထိ ထပ်မံသက်တမ်းတိုးမြှင့်ခဲ့သည်။

Source: https://www.interfax.ru/business/1067709,(ခွန်မျိုးသူ၊စီးပွားရေးသံမှူး၊ မော်စကိုမြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_21012026_12:49

## အဆင့်မြင့်ထုတ်လုပ်မှုများကို တွန်းအားပေးမှုမှတစ်ဆင့် ယူအေအီးစက်မှုလုပ်ငန်းကဏ္ဍသည် အသားတင် သုည ရည်မှန်းချက်များအား မောင်းနှင်လျက်ရှိ

ယူအေအီးနိုင်ငံ၏ စက်မှုလုပ်ငန်းကဏ္ဍသည် ၂၀၅၀ ခုနှစ်တွင် အသားတင် သုည ဖြစ်စေမည့် မဟာဗျူဟာမြောက် အစီအစဉ်သို့မြှင့်တင်ရာတွင် အဓိကနေရာမှပါဝင်လျက်ရှိပြီး ရေရှည်တည်တံ့မှု၊ အဆင့်မြင့်နည်းပညာများနှင့် ကမ္ဘာလုံးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုမိတ်ဖက်များကို အဓိကထား၍ ဆောင်ရွက်လျက်ရှိကြောင်း စက်မှုလုပ်ငန်းနှင့် အဆင့်မြင့်နည်းပညာဝန်ကြီးဌာနမှ အကြီးတန်းအရာရှိတစ်ဦးက ပြောကြားခဲ့သည်။

စက်မှုလုပ်ငန်းအရှိန်မြှင့်တင်ရေးကဏ္ဍမှ လက်ထောက်အတွင်းရေးမှူး Osama Amir Fadhel က ဤကဏ္ဍသည် စက်မှုလုပ်ငန်းများ၏ ထိရောက်မှုနှင့်ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်ရာတွင် ကာဗွန်ထုတ်လွှတ်မှု ကိုလျှော့ချရာ၌ အဓိကကျသော အုတ်မြစ်တစ်ခုဖြစ်ကြောင်း ပြောကြားခဲ့သည်။ အဘူဒါဘီ ရေရှည်တည်တံ့ခိုင်မြဲရေးရက်သတ္တပတ် ၂၀၂၆ ကျင်းပသည့်ကာလ အတွင်း ယူအေအီးနိုင်ငံတွင် Make it in the UAE လမ်းကြောင်းမှတစ်ဆင့် ဝန်ကြီးဌာန၏ပါဝင်မှုအပေါ် ၎င်းက အလေးပေး ပြောကြားခဲ့သည်။

စက်မှုလုပ်ငန်းမြင်ကွင်းတွင် ကြီးမားသော စက်မှုလုပ်ငန်းများအပြင် ဉာဏ်ရည်တုနည်းပညာ၊ အလိုအလျောက်စနစ် များနှင့် အဆင့်မြင့်နည်းပညာရပ်များဖြင့် မောင်းနှင်သော ကဏ္ဍများလည်း ပါဝင်သည်။ ဤ စွမ်းဆောင်ရည်များသည် ထုတ်လုပ်

မှုကုန်ကျစရိတ်များကိုလျှော့ချရန်၊ လုပ်ငန်းလည်ပတ်ရာတွင် ထိရောက်မှုကိုမြှင့်တင်ရန်နှင့် ခာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချရေးကို ပံ့ပိုးပေးရန်အတွက် ကူညီပေးကြောင်း ၎င်းက ပြောကြားခဲ့သည်။

၂၀၂၆ ခုနှစ် မေလ ၄ ရက်မှ ၇ ရက်အထိ အဘူဒါဘီအမျိုးသားပြပွဲစင်တာတွင် ကျင်းပပြုလုပ်မည့် Make it in the UAE အစီအစဉ်၏ ပဉ္စမအကြိမ်မြောက်ပြပွဲတွင်ပါဝင်ရန် ပြည်တွင်းနှင့် နိုင်ငံတကာရင်းနှီးမြှုပ်နှံသူများအား ဖိတ်ခေါ်ခဲ့သည်။ ယင်းလမ်းကြောင်းသည် နိုင်ငံတကာမိတ်ဖက်များကို ဖွဲ့စည်းရန်နှင့် လူဦးရေသုံးဘီလီယံကျော်ကို ဝန်ဆောင်မှုပေးသည့် ကမ္ဘာလုံးဆိုင်ရာ ဈေးကွက်များဆီသို့ ဝင်ရောက်နိုင်မည့် လမ်းကြောင်းများနှင့်အတူ ဆွဲဆောင်မှုများ၊ ငွေကြေးဆိုင်ရာ ဖြေရှင်းချက်များနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများကို ပေးဆောင်သွားမည်ဖြစ်သည်။

ဝန်ကြီးဌာနအနေဖြင့် စိမ်းလန်းသော စီးပွားရေးဆီသို့ အသွင်ကူးပြောင်းမှုကို အရှိန်မြှင့်တင်ရန်နှင့် အနာဂတ်စက်မှုလုပ်ငန်းများအတွက် ကမ္ဘာလုံးဆိုင်ရာဗဟိုချက်အဖြစ် ယူအေအီးနိုင်ငံ၏ရပ်တည်ချက်ကို အားကောင်းစေရန်အတွက် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍမိတ်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်မှုအပေါ်အား ကောင်းစေရန်လည်း ဆောင်ရွက်လျက်ရှိသည်။

အမျိုးသား-နိုင်ငံတွင်းတန်ဖိုးအစီအစဉ်နှင့် စတုတ္ထစက်မှုလုပ်ငန်းအသွင်ပြောင်းလဲရေး နည်းပညာရပ်များကို လက်ခံကျင့်သုံးခြင်းကဲ့သို့သော အစီအစဉ်များသည် ယှဉ်ပြိုင်နိုင်စွမ်းရှိပြီး ပြန်လည်ကောင်းမွန်လာသော စက်မှုလုပ်ငန်းဂေဟစနစ်တစ်ခုကို တည်ဆောက်ရန်အတွက် အဆင့်မြင့်ထုတ်လုပ်မှု၊ အမျိုးသားထောက်ပံ့ရေးကွင်းဆက်များနှင့် ယူအေအီးနိုင်ငံသားများအား ပံ့ပိုးပေးရာတွင် GDP အတွက် ၎င်းကဏ္ဍ၏ ပံ့ပိုးကူညီမှုကို မြှင့်တင်ပေးလျက်ရှိကြောင်း Fadhel က ဆက်လက်ပြောကြားခဲ့ကြောင်း သတင်းဖော်ပြ ထားသည်။

Source: Emirates News Agency,(နန္ဒာစိုးမြင့်၊ စီးပွားရေးသံမှူး၊ အဘူဒါဘီမြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_21012026_12:05

## တရုတ်-အာရှအလယ်ပိုင်းဒေသကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၀၀ ဘီလီယံကျော်လွန်၊ ဆက်ဆံရေး ပိုမိုနက်ရှိုင်းလာကြောင်းပြသ

တရုတ်နိုင်ငံနှင့် အာရှအလယ်ပိုင်းဒေသ နိုင်ငံ ၅ နိုင်ငံတို့အကြား ကုန်သွယ်မှုပမာဏသည် ၂၀၂၅ ခုနှစ် တွင် ပထမဆုံးအကြိမ်အဖြစ် အမေရိကန်ဒေါ်လာ ဘီလီယံ ၁၀၀ ကျော်လွန်ခဲ့ပြီး ယင်းသည် တရုတ်-အာရှအလယ်ပိုင်းဒေသ(China-Central Asia)မိတ်ဖက်ဆက်ဆံရေး၏ သမိုင်းတွင် မှတ်တိုင်သစ်တစ်ခုဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူ ဂိုကျာခွန်(Guo Jiakun) က ပြောကြားခဲ့သည်။

သတင်းစာရှင်းလင်းပွဲအတွင်း သတင်းထောက်တစ်ဦး၏မေးမြန်းမှုကို ဖြေကြားရာတွင် ဂိုကျာခွန်က အကောက်ခွန်စာရင်းအချက်အလက်များကို ကိုးကား၍ ယင်းအောင်မြင်မှုကို အသိအမှတ်ပြုခဲ့ခြင်းဖြစ်သည်။

နိုင်ငံတကာကုန်သွယ်ရေးစနစ်သည်ပြင်းထန်သောစိန်ခေါ်မှုများကိုကြုံတွေ့နေရပြီး ကမ္ဘာလုံးဆိုင်ရာစီးပွားရေးတိုးတက်မှုနှေးကွေးနေသည့် အခြေအနေအတွင်းတွင်ပင် တရုတ်နိုင်ငံနှင့် အာရှအလယ်ပိုင်းဒေသအကြား စီးပွားရေးနှင့် ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှုတို့သည် တိုးတက်လာခဲ့ကြောင်း ဂိုကျာခွန်က ပြောကြားခဲ့သည်။

ဂိုကျာခွန်၏ပြောကြားချက်အရ ကုန်သွယ်မှုပမာဏအမေရိကန်ဒေါ်လာ ဘီလီယံ ၁၀၀ ကျော်လွန်နိုင်ခြင်းသည် တရုတ်-အာရှအလယ်ပိုင်းဒေသပူးပေါင်းဆောင်ရွက်မှု၏ ခိုင်မာသောအရှိန်အဟုန်ကိုပြသနေသည့်အပြင် တရုတ်-အာရှ အလယ်ပိုင်းဒေသယန္တရား(mechanism)၏ ဦးဆောင်မှုအခန်းကဏ္ဍကိုလည်းဖော်ပြနေသဖြင့် တရုတ်-အာရှအလယ်ပိုင်းဒေသ ပူးပေါင်းဆောင်ရွက်မှုတွင် မှတ်တိုင်သစ်တစ်ခုဖြစ်လာခဲ့သည်။

၂၀၂၅ ခုနှစ်တစ်လျှောက်လုံးတွင် တရုတ်နှင့် အာရှအလယ်ပိုင်းဒေသနိုင်ငံများအကြား ဆက်ဆံရေးသည် အလျင်အမြန်တိုးတက်လာခဲ့ပြီး တရုတ်-အာရှအလယ်ပိုင်းဒေသယန္တရားစနစ်ကို ပိုမိုခိုင်မာစေခဲ့ကြောင်း နှင့် Belt and Road ပူးပေါင်းဆောင်ရွက်မှုသည် တည်ငြိမ်စွာတိုးတက်လာခဲ့သကဲ့သို့ ခင်မင်ရင်းနှီးသောဖလှယ်မှုများကြောင့် နှစ်ဖက်ပြည်သူများအကြား နီးစပ်မှုပိုမိုတိုးလာခဲ့ကြောင်း ဖော်ပြထားသည်။

အထူးသဖြင့် ဒုတိယအကြိမ်မြောက် တရုတ်-အာရှအလယ်ပိုင်းဒေသထိပ်သီးအစည်းအဝေး၏ အောင်မြင်မှုများကြောင့် နှစ်ဖက်အကြား အရည်အသွေးမြင့်ပူးပေါင်းဆောင်ရွက်မှု အဆင့်သစ်တစ်ခုသို့ ဝင်ရောက်နိုင်ခဲ့ကြောင်း ဂိုက ထပ်မံပြောကြားခဲ့သည်။

သမိုင်းဝင်အစပြုချက်အသစ်တစ်ခုတွင် တရုတ်နိုင်ငံသည် အာရှအလယ်ပိုင်းဒေသနိုင်ငံများနှင့်အတူ ပူးပေါင်းဆောင်ရွက်ရန်အသင့်ရှိနေပြီး ယခုရှိနေသည့်အရှိန်အဟုန်ကို ဆက်လက်ထိန်းသိမ်းရန်၊ တရုတ်-အာရှ အလယ်ပိုင်းဒေသ စိတ်ဓာတ် (China-Central Asia spirit)ကို ဆက်လက်ထိန်းသိမ်းမြှင့်တင်ရန်၊ တရုတ်-အာရှအလယ်ပိုင်းဒေသ ယန္တရား စနစ်(China-Central Asia mechanism)ကို ခိုင်မာစေရန်၊ နယ်ပယ်အမျိုးမျိုးတွင် ဆန်းသစ်တီထွင်မှုဦးဆောင်သည့် အရည်အသွေးမြင့်ပြီး အကျိုးရလဒ်အလေးထားသည့် ပူးပေါင်းဆောင်ရွက်မှုများကိုတိုးမြှင့်လုပ်ဆောင်သွားရန်မျှော်မှန်းထားကြောင်းနှင့်အနာဂတ်တွင် တရုတ်-အာရှ အလယ်ပိုင်းဒေသလူမှုအသိုက်အဝန်းကို ပိုမိုနီးစပ်စွာတည်ဆောက်သွားမည်ဟု ကတိပြုကြောင်း ဖော်ပြခဲ့သည်။

ရင်းမြစ်။ https://news.cgtn.com/news/2026-01-19/MOFA-China-Central-Asia-trade-tops-100-bn-showing-deepening-ties-1K449jpu7Ys/p.html,

(လျှန်ရှန်းမှန်၊ စီးပွားရေးသံမှူး၊ ကူမင်းမြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_21012026_13:22

## အီသီယိုးပီးယားနိုင်ငံသည် ပို့ကုန်ဝင်ငွေတိုးလာစေရန် ကော်ဖီတန်ဖိုးမြှင့်တင်ရေး ဆောင်ရွက်လျက်ရှိ

အီသီယိုးပီးယားအစိုးရသည် ကော်ဖီကဏ္ဍမှ လိုအပ်လျက်ရှိသော နိုင်ငံခြားဝင်ငွေရရှိမှုကို မြှင့်တင်ရန်အတွက် ကော်ဖီထုတ်လုပ်မှုနှင့် တန်ဖိုးမြှင့်တင်မှုကို တိုးချဲ့ရန်ကြိုးပမ်းမှုများကို အရှိန်မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။ ဇူလိုင်လ ၇ ရက်နေ့တွင် ကုန်ဆုံးသော ၂၀၂၄/ ၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း ကော်ဖီ ၄၆၈,၉၆၇ တန် တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၆၅ ဘီလီယံ စံချိန်တင်ရရှိခဲ့သော အရှေ့အာဖရိကနိုင်ငံသည် ဝင်ငွေတိုးမြှင့်ရန်အတွက် ကော်ဖီတင်ပို့မှုမြှင့်တင်ရန် ဦးစားပေးလုပ်ဆောင်နေကြောင်း အီသီယိုးပီးယား ကော်ဖီနှင့် လက်ဖက်ရည် အာဏာပိုင်အဖွဲ့ (ECTA) က ဇန်နဝါရီလ ၉ ရက်နေ့တွင် ကြေညာခဲ့သည်။ တန်ဖိုးမြှင့်ကော်ဖီတင်ပို့မှုကို တိုးချဲ့ရန်ပြောင်းလဲခြင်းသည် အာဖရိက၏ ဦးဆောင်ထုတ်လုပ်သူအဖြစ် အီသီယိုးပီးယား၏ ရပ်တည်ချက်မှ အကျိုးအမြတ်အများဆုံးရရှိရန် ပိုမိုကျယ်ပြန့်သော မဟာဗျူဟာ၏ တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်း နိုင်ငံပိုင်အီသီယိုးပီးယားသတင်းဌာနက ECTA ညွှန် ကြားရေးမှူးချုပ် Adugna Debela ၏ ပြောကြားချက်အရသိရသည်။

မကြာသေးမီနှစ်များအတွင်း ၁၅ နှစ်တာ အမျိုးသားကော်ဖီဖွံ့ဖြိုး တိုးတက်ရေးမဟာဗျူဟာမှတစ်ဆင့် ဤကဏ္ဍကို စဉ်ဆက်မပြတ်အာရုံစိုက်ခဲ့ကြောင်း သတိပြုမိပြီး ကော်ဖီထုတ်လုပ်မှုတိုးမြှင့်ရန်နှင့် ပို့ကုန်ဈေးကွက်များသို့ တိုးချဲ့ရန် ရည်ရွယ်သည့်ကဏ္ဍ၏ ဖွဲ့စည်းပုံဆိုင်ရာ ပြဿနာများကိုဖော်ထုတ်ရန် လက်ရှိတွင် ကြိုးပမ်းမှုအမျိုးမျိုးကို လုပ်ဆောင်နေကြောင်း Debela က ပြောကြားခဲ့သည်။ ကမ္ဘာ့ဈေးကွက်တွင် ယှဉ်ပြိုင် နိုင်စွမ်းသည် ကော်ဖီတင်ပို့မှု ပမာဏပေါ်တွင်သာမက ၎င်း၏ အရည်အသွေးပေါ်တွင်လည်းမူတည်ကြောင်း၊ ကော်ဖီကို အရည်အသွေးမြင့်မားစွာ ထုတ်လုပ်နိုင်စေရန် တင်းကျပ်သော စောင့်ကြည့်စစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း ၎င်းက ပြောကြားခဲ့သည်။ နိုင်ငံ၏ ကော်ဖီကဏ္ဍသည် ရှင်းလင်းသော လမ်းညွှန်ချက်များ မရှိခြင်းကြောင့် ကြာမြင့်စွာ အကန့်အသတ်ဖြစ်ခဲ့ရကြောင်းသတိပြုမိပြီး ECTA အကြီးအကဲက တန်ဖိုးမြှင့်တင်မှုနှင့် ထောက်ပံ့ရေးကွင်းဆက်တိုးတက်မှုများ၏အလားအလာကို ဖွင့်လှစ်ခြင်းကို အဓိကအာရုံစိုက်သည့် နယ်ပယ်များအဖြစ် သတ်မှတ်ထားကြောင်း ပြောကြားခဲ့သည်။ အရှေ့အာဖရိကနိုင်ငံ၏ ကော်ဖီတင်ပို့မှု အလျင်အမြန်တိုးချဲ့လာနေသော နိုင်ငံတစ်ခုဖြစ်သည့် တရုတ်နိုင်ငံသည် အီသီယိုးပီးယားကော်ဖီ တင်သွင်းမှုတွင် စတုတ္ထအများဆုံးနိုင်ငံဖြစ်လာခဲ့ပြီး လွန်ခဲ့သောနှစ်နှစ်က ခုနစ်နေရာမှ မြင့်တက်လာခဲ့သည်။

အာရေဗီးကားကော်ဖီ၏ မူလအစအဖြစ် သတ်မှတ်ခံထားရသော အီသီယိုးပီးယားသည် အာဖရိက၏ အကြီးဆုံးကုန်စည်ထုတ်လုပ်သူနှင့် တင်ပို့သူများထဲမှတစ်ခုဖြစ်သည်။ ကော်ဖီထုတ်လုပ်မှုကို နိုင်ငံ၏ စိုက်ပျိုးရေးဦးဆောင်သော စီးပွားရေး၏ ကျောရိုးအဖြစ်ရှုမြင်ကြသည်။ ဝိုင်အရသာမှသည် သစ်သီးအရသာနှင့် ချောကလက်အရသာအထိ အရည်အသွေးနှင့် ကြွယ်ဝသော အရသာများအတွက် ကျယ်ကျယ်ပြန့်ပြန့် အသိအမှတ်ပြုခံရသော အီသီယိုးပီးယားနိုင်ငံ၏ ကော်ဖီသည် ကမ္ဘာတစ်ဝှမ်းတွင် အလွန်ရေပန်းစားလျက်ရှိကြောင်း သိရသည်။

Source:Xinhua

Source: https://www.doca.gov.mm/my/node/62678

## အမေရိကန်က ဗီယက်နမ်မှ ပင်လယ်စာတင်သွင်းမှုကို ပိတ်ပင်ခဲ့ရာ ထိုင်းပို့ကုန်လုပ်ငန်းရှင်များအတွက် လမ်းစပွင့်သွား

၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှစ၍ ဗီယက်နမ်ငါးဖမ်းလုပ်ငန်းကြီး ၁၂ ခုမှ ရေထွက်ပစ္စည်း တင်ပို့မှုအား အမေရိကန်က တရားဝင်ရပ်ဆိုင်းလိုက်ပြီဖြစ်ကြောင်း The Nation သတင်းဝက်ဘ်ဆိုဒ်တွင် "US bans seafood imports from Vietnam, opening door for Thai exporters" ခေါင်းစဉ်ဖြင့် ဖော်ပြထားသည်။

အဏ္ဏဝါနို့တိုက်သတ္တဝါကာကွယ်ရေးဥပဒေ(MMPA)၏ တင်းကျပ်သောစံနှုန်းများနှင့်မကိုက်ညီသည့် ဤဒေသများအတွက် "နှိုင်းယှဉ်တွေ့ရှိချက်များ"ကိုငြင်းဆိုရန် အမျိုးသားသမုဒ္ဒရာနှင့် လေထုစီမံခန့်ခွဲရေး (NOAA)မှ တရားဝင်ဆုံးဖြတ်ချက်ထွက်ပေါ်လာခြင်းဖြစ်ကြောင်း၊ ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့တော်ရှိ ထိုင်းကုန်သွယ်ရေးဗဟိုဌာန၏ ဗျူဟာကျလေ့လာသုံးသပ်မှုများအရ ယင်းပြဋ္ဌာန်းချက်သည် အမေရိကန် ပင်လယ်စာဈေးကွက်၏ ပြိုင်ဆိုင်မှုအခင်းအကျင်းတွင် သိသာထင်ရှားသောပြောင်းလဲမှုတစ်ခုဖြစ်ကြောင်း၊ ကာလတိုတွင် ဆိုင်းငံ့မှုသည် ကြီးမားသော ထောက်ပံ့ရေးလစ်ဟာမှုကို ဖန်တီးနိုင်မည်ဟု မျှော်လင့်ရပြီး အထူးသဖြင့် ဗီယက်နမ်တွင် အစဉ်အလာအရ လွှမ်းမိုးထားသည့် ဈေးကွက်ဝေစုဖြစ်သည့် တူနာ၊ ပြည်ကြီးငါးနှင့် ကဏန်းကဲ့သို့သော ကုန်စည်များအတွက်ဖြစ်ကြောင်း သိရသည်။

ယင်းဈေးကွက်ကွာဟချက်သည် အမေရိကန်ဈေးကွက်၏ ပိုကြီးသောဝေစုကိုရယူရန် အခြားဒေသတွင်း ပို့ကုန်လုပ်ငန်းရှင်များ အထူးသဖြင့် ထိုင်းနိုင်ငံအတွက် မဟာဗျူဟာကျသည့် လမ်းစတစ်ခုဖြစ်ကြောင်း၊ ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ အကျိုးသက်ရောက်မှုများကိုကျော်လွန်၍ သဘာဝပတ်ဝန်းကျင်နှင့် ရေရှည် တည်တံ့မှုဆိုင်ရာ စံသတ်မှတ်ချက်များသည် ရွေးချယ်နိုင်သော နည်းပညာပစ္စည်းများမှ ကမ္ဘာလုံးဆိုင်ရာကုန်သွယ်မှု၏ မဖြစ်မနေဖွဲ့စည်းပုံဆိုင်ရာမဏ္ဍိုင်များအဖြစ်သို့ ပြောင်းလဲလာကြောင်းကို အချက်ပြနေကြောင်း၊ ထိုင်းပြည်တွင်းလုပ်ငန်းရှင်များအတွက် အမေရိကန်သည် အမြတ်အစွန်းဖွင့်ခြင်းနှင့် အရေးကြီးသော မူဝါဒသတိပေးချက်အဖြစ် လုပ်ဆောင်နေကြောင်း ဖော်ပြထားသည်။

ထိုင်းနိုင်ငံသည် ၎င်း၏ခိုင်မာသော ငါးဖမ်းလုပ်ငန်းစည်းမျဉ်းဘောင်ကို အသုံးချရန်နှင့် အမေရိကန် တင်သွင်းသူများ၏ယုံကြည်မှုကိုမြှင့်တင်ရန် နိုင်ငံတကာစောင့်ကြည့်ရေးစံနှုန်းများကိုလိုက်နာရန် ကောင်းမွန်သောအနေအထားတွင်ရှိကြောင်း၊ သို့သော်လည်း ပိုမိုတင်းကျပ်သော သဘာဝပတ်ဝန်းကျင်ဆိုင်ရာလုပ်ပိုင်ခွင့်များ အန္တရာယ်မြင့်မားနေဆဲဖြစ်ကြောင်း ခွဲခြမ်းစိတ်ဖြာချက်ကသတိပေးနေကြောင်း၊ အနာဂတ်ဈေးကွက်ဝင်ရောက်မှုကိုကာကွယ်ရန်၊ ထိုင်းပို့ကုန်လုပ်ငန်းရှင်များသည် လက်ခံနိုင်ခွင့်လက်မှတ်(Certificates Of Admissibility-COA)အပါအဝင် စေ့စပ်သေချာသော စာရွက်စာတမ်းများကို ဦးစားပေးလုပ်ဆောင်ရမည်ဖြစ်ပြီး ထောက်ပံ့ရေးကွင်းဆက်တစ်ခုလုံးတွင် အပြည့်အဝခြေရာခံနိုင်စေရန် သေချာစေရန်လိုအပ်ကြောင်း ဖြည့်စွက် ဖော်ပြထားသည်။

ဗီယက်နမ်တွင် တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု သို့မဟုတ် လုပ်ငန်းလည်ပတ်မှုရှိသော ထိုင်းစီးပွားရေးလုပ်ငန်းများကိုလည်း သက်ရောက်စေကြောင်း၊ ယင်းလုပ်ငန်းများသည် ချက်ချင်းထုတ်လုပ်မှုနှင့် ပို့ကုန်ဆိုင်ရာ စိန်ခေါ်မှုများကို ရင်ဆိုင်ရနိုင်သော်လည်း အခြေအနေသည် နည်းပညာလွှဲပြောင်းမှုများကို ဦးဆောင်ရန်နှင့် ရေရှည်တည်တံ့သော စီမံခန့်ခွဲမှုအလေ့အကျင့်များကို အကောင်အထည်ဖော်ရန် ရေရှည်မဟာဗျူဟာမြောက် အခွင့်အရေးကို ပေးဆောင်ကြောင်း၊ ဗီယက်နမ်ငါးဖမ်းလုပ်ငန်းကို MMPA လိုအပ်ချက်များနှင့် လိုက်လျောညီထွေဖြစ်အောင်ကူညီပေးခြင်းဖြင့် ထိုင်းရင်းနှီးမြှုပ်နှံသူများသည် ဒေသတွင်းစက်မှုလုပ်ငန်းအဆင့်မြှင့်တင်ရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်နိုင်ကြောင်း၊ ယင်းဖွံ့ဖြိုးတိုးတက်မှုသည် ထိုင်းငါးလုပ်ငန်းကဏ္ဍအတွက် ဈေးနှုန်းဖြင့်ပြိုင်ဆိုင်မှုမှနေ၍ မြင့်မားသောစံချိန်စံညွှန်းများနှင့် ရေရှည်တည်တံ့ခိုင်မြဲမှုတွင် ခိုင်မာသောဗျူဟာဆီသို့ ဦးတည်သွားစေရန်၊ ကမ္ဘာ့နယ်ပယ်တွင် ပြိုင်ဆိုင်မှုအသာစီးကို ထိန်းသိမ်းထားရန်အတွက် မရှိမဖြစ်အချက်အလက်အသစ်များဖြစ်ကြောင်း ဖော်ပြထားသည်။

Source: https://www.nationthailand.com/business/trade/40061082 ,(သီတာဝင်း၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_15012026_13:02

## အင်ဒိုနီးရှားနိုင်ငံက အိန္ဒိယနိုင်ငံမှ တရားမဝင်မြေပဲတင်သွင်းမှုများကို အရေးယူနှိမ်နင်း

အင်ဒိုနီးရှားနိုင်ငံသည် စိုက်ပျိုးရေးထွက်ကုန်များအား တရားမဝင်မှောင်ခိုတင်သွင်းမှုကို အကြီးစားနှိမ်နင်းမှုတစ်ရပ်ပြုလုပ်ခဲ့ပြီး Tanjung Balai Karimun ဆိပ်ကမ်းတွင် အနည်းဆုံးသင်္ဘော ၁၀ စီးကို ဖမ်းဆီးခဲ့ကြောင်းသိရသည်။ အဆိုပါ

ဖမ်းဆီးရမိသော ကုန်စည်များတွင် ဆန်တန်ချိန် ၁ ဒသမ ၄၅ သန်း၊ သကြားနှင့် ဟင်းခတ်အမွှေးအကြိုင် အမြောက်အမြားနှင့် မြေပဲတန်ချိန် ၁,၇၀၀ ခန့်ပါဝင်ကြောင်း တွေ့ရသည်။

အိန္ဒိယနိုင်ငံမှ တင်ပို့သူများသည် ကုန်သွယ်မှုကန့်သတ်ချက်များကို ရှောင်လွှဲလျက်ရှိကြောင်း သတင်းများထွက်ပေါ်လာပြီးနောက် ယခုကဲ့သို့အရေးယူနှိမ်နင်းမှုများ ပေါ်ပေါက်လာခြင်းဖြစ်ကြောင်း သိရသည်။ အင်ဒိုနီးရှားနိုင်ငံသည် အိန္ဒိယနိုင်ငံမှ မြေပဲတင်သွင်းမှုကို မှိုဆိပ် (Aflatoxin) ပါဝင်မှုနှုန်းမြင့်မားခြင်းကြောင့် ယခင်ကဆိုင်းငံ့ထားခဲ့ပြီး နောက်ပိုင်းတွင် တစ်သန်းပုံ ၁၅ ပုံ(15 PPB)ဟူသော တင်းကျပ်သည့် ကန့်သတ်ချက် ဖြင့်သာပြန်လည်တင်သွင်းခွင့်ပြုခဲ့ကြောင်းနှင့် အိန္ဒိယတင်ပို့သူများသည် ရာသီမဟုတ်ဘဲ မိုးရွာသွန်းမှုကြောင့် သီးနှံများပျက်စီးခဲ့ရသဖြင့် အဆိုပါစံနှုန်းများကို လိုက်နာရန်ခက်ခဲလာသောကြောင့် တရားမဝင်လမ်းကြောင်း များကို ပြောင်းလဲအသုံးပြုခဲ့ကြကြောင်း သိရသည်။

မှောင်ခိုတင်သွင်းသူများသည် မလေးရှားနိုင်ငံရှိ ကလန်းဆိပ်ကမ်း (Port Klang)မှတစ်ဆင့် အင်ဒိုနီးရှားနိုင်ငံ၏ ဒူမိုင်းဆိပ်ကမ်း(Dumai port)သို့ ကုန်တင်တွဲသင်္ဘော(Barge)များအသုံးပြု၍ ပို့ဆောင်နေကြကြောင်းသိရသည်။ ကုန်သွယ်မှုဆိုင်ရာ အချက်အလက်များအရ အင်ဒိုနီးရှားနိုင်ငံသို့ မြေပဲတင်ပို့မှု သိသိသာသာကျဆင်းသွားသော်လည်း မလေးရှားနိုင်ငံသို့ တင်ပို့မှုမှာမူ ၂၀၂၄ ခုနှစ် နိုဝင်ဘာလတွင် တန်ချိန် ၆,၀၀၀ မှ တန်ချိန် ၁၅,၈၀၀ အထိမြင့်တက်လာခဲ့ကြောင်း တွေ့ရသည်။ နိုဝင်ဘာလ တစ်လတည်းတွင်ပင် တရားဝင် လမ်းကြောင်းမှ ကွန်တိန်နာ ၈၀ သာဝင်ရောက်ခဲ့သော်လည်း တရားမဝင်လမ်းကြောင်းမှ တစ်ဆင့် အင်ဒိုနီးရှား နိုင်ငံအတွင်းသို့ ကွန်တိန်နာ ၈၂၅ လုံးဝင်ရောက်ခဲ့ကြောင်း တွေ့ရသည်။

ယခုကဲ့သို့တရားမဝင်ကုန်စည်များအလုံးအရင်းဖြင့် ဝင်ရောက်လာမှုကြောင့် အင်ဒိုနီးရှားနိုင်ငံ၏ ပြည်တွင်းကုန်စည်ဈေးနှုန်းများ ကျဆင်းသွားခဲ့ကြောင်း သိရသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ၎င်း၏ ပို့ကုန်များကို အားသာချက်ရရှိစေရန်အတွက် အိန္ဒိယနိုင်ငံ၏ထွက်ကုန်များအပေါ် အရည်အသွေးဆိုင်ရာ စံနှုန်းများကို တင်းကျပ်ရန် အာဆီယံနိုင်ငံများအား ဖိအားပေးနေသည်ဟု သတင်းများထွက်ပေါ်နေသဖြင့် အခြေအနေမှာ ပိုမိုရှုပ်ထွေးလာကြောင်းနှင့် အဆိုပါအကြောင်းအရင်းကြောင့် ထိုင်းနိုင်ငံသည်လည်း အိန္ဒိယ မြေပဲတင်သွင်းမှုကို ဆိုင်းငံ့ထားခဲ့ကြောင်း သိရသည်။ အင်ဒိုနီးရှားနိုင်ငံသည် ပုံမှန်အားဖြင့် အိန္ဒိယနိုင်ငံ၏ မြေပဲတင်ပို့မှု စုစုပေါင်း၏ ၃၅ ရာခိုင်နှုန်းကျော်ရှိသော ဈေးကွက်တစ်ခုဖြစ်သဖြင့် ယခုအခြေအနေသည် စီးပွားရေးအရ ကြီးမားသော ထိုးနှက်ချက်တစ်ခုဖြစ်လာနိုင်ကြောင်း သိရသည်။

Source: The Hindu Businessline, Indonesia cracks down on illegal Indian groundnut imports, January 20, 2026.

(ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး၊ ကောလ်ကတ္တားမြို့)

Source:https://myantrade.gov.mm/article/STP(Ygn)_26012026_14:31

## ဖိလစ်ပိုင်နိုင်ငံ၏ အမေရိကန်သို့ သကြားကြမ်းတင်ပို့မှုသည် သုံးနှစ်ဆက်တိုက်ရှိခဲ့ပြီဖြစ်

ဖိလစ်ပိုင်နိုင်ငံသည် အမေရိကန်နိုင်ငံသို့ သကြားကြမ်း(Raw Sugar) တင်ပို့ခဲ့မှုသည် ယခု ၂၀၂၆ ခုနှစ် ဆိုလျှင် ၃ နှစ်ဆက်တိုက်ရှိခဲ့ပြီဖြစ်ကြောင်း၊ ပြည်တွင်းထုတ်လုပ်သည့်သကြားကြမ်းတန်ချိန် ၁၀၀,၀၀၀ ကို အမေရိကန်ဈေးကွက်သို့ အမြန်ဆုံးတင်ပို့သွားမည်ဖြစ်ကြောင်း ဖိလစ်ပိုင်စိုက်ပျိုးရေးဝန်ကြီးဌာနမှ ပြောကြားခဲ့သည်။ ပြည်တွင်းမှထွက်ရှိသည့် သကြားများအနက် ပမာဏတစ်ခုကို အမေရိကန်ဈေးကွက်သို့ တင်ပို့နိုင်ခြင်းသည် ပြည်တွင်းသကြားဈေးကျဆင်းမည့် အခက်အခဲကို ဖြေရှင်းနိုင်မည့် နည်းလမ်းတစ်ခုလည်းဖြစ်ကြောင်း စိုက်ပျိုးရေးဝန်ကြီးက ပြောကြားထားကြောင်း ဖော်ပြပါရှိသည်။

ဖိလစ်ပိုင်အပါအဝင် သကြားတင်ပို့လျက်ရှိသည့် နိုင်ငံအချို့သည် အမေရိကန်နိုင်ငံသို့ သက်သာသော အခွန်နှုန်းထားဖြင့် သကြားတန်ချိန်ပမာဏအသီးသီးအား တင်ပို့ခွင့်ရရှိထားကြောင်း၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ အမေရိကန်နိုင်ငံဆိုင်ရာကတိကဝတ်အောက်မှ တင်ပို့ခွင့်ခွဲတမ်းရရှိထားခြင်းဖြစ်သည်။ ဖိလစ်ပိုင်နိုင်ငံအနေဖြင့် ၂၀၂၆ ခုနှစ်အတွင်း အမေရိကန်နိုင်ငံသို့ သကြားကြမ်းတန်ချိန် ၁၄၅,၃၂၅ မက်ထရစ်တန်အား ပေးပို့ခွင့်ရရှိထားပြီး ဝါရှင်တန်မှ ခွဲတမ်းပေးအပ်ခဲ့သည့် ဒိုမေနီကန်နှင့် ဘရာဇီးလ်၏ နောက်တတိယနေရာတွင် ရရှိထားကြောင်း၊ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့အတွင်း တင်ပို့ခွင့်ရရှိမည်ဖြစ်သည်။

ဖိလစ်ပိုင်သကြားအာဏာပိုင်အဖွဲ့မှ ၎င်းတို့စတင်တာဝန်ထမ်းဆောင်သည့်ကာလမှစတင်၍ သကြားကြမ်းထွက်ရှိမှု တိုးမြင့်လာခဲ့ပြီး ထုတ်ပြန်ခဲ့သည့်ကိန်းဂဏန်းအချက်အလက်များအရ ၂၀၂၃-၂၀၂၄ သီးနှံရာသီတွင် တန်ချိန် ၁ ဒသမ ၈၂ သန်းထွက်ရှိရာမှ ၂၀၂၄-၂၀၂၅ သီးနှံရာသီအတွင်း တန်ချိန် ၂ ဒသမ ၀၉ သန်းအထိ စံချိန်တင်ထုတ်လုပ်နိုင်ခဲ့ကြောင်း၊ သမ္မတ

မားကို့စ်အစိုးရလက်ထက် အများဆုံးထွက်ရှိခဲ့သည့်ပမာဏသည် စံချိန်တင်ထုတ်လုပ်နိုင်ခဲ့ခြင်းဖြစ်ပြီး အမေရိကန်နိုင်ငံသို့ တင်ပို့ခဲ့ခြင်းဖြစ်သည်။ ယခုနှစ်သည် တတိယမြောက်နှစ်ဖြစ်ပြီး တန်ချိန် ၃၃,၀၀၀ မှ ၆၆,၀၀၀ ဖြင့် စတင်တင်ပို့ခဲ့ရာမှ ယခုနှစ်တွင် တန်ချိန် ၁၀၀,၀၀၀ အထိ တိုးမြင့်တင်ပို့သွားမည်ဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံမှ သကြားတင်သွင်းမှု ယာယီရပ်ဆိုင်းခြင်းကို ၂၀၂၅ ခုနှစ်၊ နှစ်ကုန်သည်အထိ သက်တမ်းတိုးမြင့်ခဲ့သော်လည်း ပြည်တွင်းသကြားဈေးနှုန်းမှာ ဆက်လက်ကျဆင်းနေဆဲဖြစ်ကြောင်း၊ လွန်ခဲ့သော တစ်နှစ်ကျော်ကာလက သကြားကီလို ၅၀ ပါ အိတ်တစ်အိတ်လျှင် ပီဆို ၂,၅၃၇ ဒသမ ၄၀ ရှိရာမှ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်နေ့တွင် ပီဆို ၂,၁၇၄ ဒသမ ၅၈ ဖြင့် ၁၄ ဒသမ ၃ ရာခိုင်နှုန်းသို့ ကျဆင်းခဲ့သည်။ အခြားသော သကြားအစားထိုးပစ္စည်းများနှင့် artificial sweetener များ တင်သွင်းမှု မြင့်မားလာခြင်းက သကြားစားသုံးမှုကို လည်းလျော့ကျစေခဲ့ကြောင်း၊ သကြားအစားထိုးပစ္စည်းများ၏တင်သွင်းမှုသည် သကြားတင်သွင်းမှု၏ နှစ်ဆခန့်ရှိပြီး တန်ချိန် ၅ သိန်းကျော်ရှိကြောင်းဖော်ပြပါရှိသည်။ ဖိလစ်ပိုင်စိုက်ပျိုးရေး ဝန်ကြီးဌာနအနေဖြင့်လည်း အဆိုပါကုန်ပစ္စည်းများတင်သွင်းနေမှုကို အမြဲစောင့်ကြည့်လျက်ရှိကြောင်းနှင့် ဈေးကွက်သို့ဝင်ရောက်မှုအပေါ် ထိန်းကျောင်းသွားမည်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။

Source: https://business.inquirer.net/568497/for-3rd-straight-year-ph-exports-sugar-to-us

(ကေသွယ်ခိုင်၊ စီးပွားရေးသံမှူး၊ မနီလာမြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_15012026_13:40

## မီဇိုရမ်ပြည်နယ်အစိုးရသည် တောင်သူများအား ကူညီပံ့ပိုးမှုအစီအစဉ်အရ ဒေသတွင်းထွက်ရှိသော အဓိကသီးနှံ လေးမျိုးအား ဖေဖော်ဝါရီလမှ စတင်၍ ဝယ်ယူသွားမည်

မီဇိုရမ်ပြည်နယ်အစိုးရသည် တောင်သူများအားကူညီပံ့ပိုးရန်အတွက် ဒေသတွင်းထွက်ရှိသော အဓိက သီးနှံလေးမျိုးဖြစ်သည့် ချင်း(ဂျင်း)၊ နနွင်း၊ တံမြက်စည်းကျော (Broomstick)နှင့် ငရုတ်သီးတို့ကို ဖေဖော်ဝါရီလမှ စတင်၍ ဝယ်ယူသွားမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

မီဇိုရမ်စိုက်ပျိုးရေးဈေးကွက်ရှာဖွေရေးဘုတ်အဖွဲ့ ဒုတိယဥက္ကဋ္ဌ K C Lalmalsawmzauva က တောင်သူများထံမှ ချင်း(ဂျင်း)ကိုဖေဖော်ဝါရီလမှမေလအထိလည်းကောင်း၊ တံမြက်စည်းကျောကိုဖေဖော်ဝါရီလမှမတ်လအထိလည်းကောင်း၊ နနွင်းနှင့် ငရုတ်သီးတို့ကို ဖေဖော်ဝါရီလမှဧပြီလအထိလည်းကောင်း ဝယ်ယူသွားမည်ဖြစ်ကြောင်း ဇန်နဝါရီလ ၂၂ ရက်နေ့တွင် ပြောကြားခဲ့သည်။

အစိုးရသည် စပါးဝယ်ယူမှုကို နိုဝင်ဘာလကတည်းက စတင်ဆောင်ရွက်ခဲ့ပြီး လာမည့်မတ်လအထိ ဆက်လက်ဝယ်ယူသွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

ဝန်ကြီးချုပ်၏ 'Bana Kaih' (ခေါ်) လက်တွဲကူညီမှုအစီအစဉ်(Handholding scheme)ဆိုင်ရာ အကြံပေးပုဂ္ဂိုလ်လည်းဖြစ်သူ K C Lalmalsawmzauva က ပြည်နယ်၏ အဓိကစီမံကိန်းအောက်တွင် ဝယ်ယူမည့် သီးနှံတစ်ခုချင်းစီအတွက် အမြင့်ဆုံးအထောက်အပံ့ပေးမည့်ဈေးနှုန်းများ(Maximum support price)ကို ပေးအပ်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ချင်း(ဂျင်း)အတွက် အမြင့်ဆုံးအထောက်အပံ့ပေးမည့်ဈေးနှုန်းကို ၁ ကီလိုဂရမ်လျှင် ရူပီး ၅၀၊ တံမြက်စည်းကျောအတွက် ရူပီး ၈၀၊ ငရုတ်သီးအတွက် ရူပီး ၃၅၀ အဖြစ်သတ်မှတ်ထားပြီး နနွင်းနှင့် စပါးအတွက် အထောက်အပံ့ပေးမည့် ဈေးနှုန်းများကို ၁ ကီလိုဂရမ်လျှင် ရူပီး ၂၀ နှင့် ရူပီး ၃၀ အသီးသီးသတ်မှတ် ထားကြောင်း ၎င်းက ပြောကြားခဲ့သည်။

အဆိုပါဝယ်ယူမှုများကို ပြည်နယ်တစ်ဝန်းရှိ ဒုတိယအဆင့် စုဆောင်းရေးစင်တာအားလုံးတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။ အဆိုပါ အဓိကသီးနှံ ၅ မျိုး ကိုဝယ်ယူခြင်းသည် ဝန်ကြီးချုပ် Lalduhoma ဦးဆောင်သော Zoram People's Movement အစိုးရ၏ရွေးကောက်ပွဲ ကတိကဝတ်များထဲမှ တစ်ခုဖြစ်ကြောင်း တွေ့ရသည်။

အစိုးရသည် လွန်ခဲ့သည့်နှစ်အတွင်းက ချင်း(ဂျင်း)ဝယ်ယူမှုအတွက် အထောက်အပံ့ပေးသည့် ဈေးနှုန်း အဖြစ် ရူပီး ၁၃၇ ဒသမ ၇၂ ကုဋေခန့်သုံးစွဲခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားခဲ့သည်။ ထို့ပြင် အဆိုပါ နှစ်အတွင်းမှာပင် တောင်သူများထံမှ ရူပီး ၂ ကုဋေနီးပါးတန်ဖိုးရှိသော တံမြက်စည်းကျော ၄၈,၆၀၂ ဒသမ ၂၉ ကွင်တယ် (၁ ကွင်တယ်လျှင် ၁၀၀ ကီလိုဂရမ်)နှင့် ရူပီး သိန်း ၅၀ ခန့်တန်ဖိုးရှိသော စပါး ၁,၄၀၀ ကွင်တယ်(၁ ကွင်တယ်လျှင် ၁၀၀ ကီလိုဂရမ်)ကျော်ကိုလည်း ဝယ်ယူခဲ့ကြောင်း သိရသည်။

Source: The Hindustan Times, Mizoram govt to begin procurement of four key crops from February under flagship programme| India News, January 23, 2026.,(ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး၊ ကော်လ်ကတ္တားမြို့)

Source:https://myantrade.gov.mm/article/STP(Ygn)-26012026_14:39

## တရုတ်နိုင်ငံသည် အမေရိကန်ကို ကျော်တက်ကာ ဗီယက်နမ်၏ ပုစွန်တင်ပို့သည့် အကြီးဆုံး ဈေးကွက်ဖြစ်လာ

တရုတ်နိုင်ငံသည် ၂၀၂၅ ခုနှစ်တွင် အမေရိကန်ကို ကျော်တက်ကာ ဗီယက်နမ်၏ ပုစွန်တင်ပို့မှု အကြီးဆုံးဈေးကွက်ဖြစ်လာခဲ့ပြီး တင်ပို့မှုမှာ ပထမဆုံးအကြိမ်အဖြစ် အမေရိကန်ဒေါ်လာ ၁ ဘီလီယံကျော်ရှိခဲ့ကြောင်း ဒေသခံနေ့စဉ်သတင်းစာ VnEconomy က ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၈ ရက်နေ့တွင် ဖော်ပြခဲ့ကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံသည် ပြီးခဲ့သည့်နှစ်က တရုတ်နိုင်ငံသို့ အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၄ ဘီလီယံ တန်ဖိုးရှိ ပုစွန်တန်ချိန် ၁၂၃,၀၀၀ ကိုတင်ပို့ခဲ့ပြီး ၂၀၂၄ ခုနှစ်နှင့်နှိုင်းယှဉ်ပါက ပမာဏအားဖြင့် ၄၈ ဒသမ ၄ ရာခိုင်နှုန်းနှင့် တန်ဖိုးအားဖြင့် ၆၃ ဒသမ ၃ ရာခိုင်နှုန်းမြင့်တက်လာခဲ့ကြောင်း၊ တစ်ချိန်တည်းမှာပင် နှစ်ပေါင်းများစွာ ဗီယက်နမ်၏အကြီးဆုံးပုစွန်ဈေးကွက်ဖြစ်သော အမေရိကန်ပြည်ထောင်စုသည် ဒေါ်လာ ၁ ဘီလီယံ စံချိန်ကို မကျော်လွန်သေးကြောင်း အစီရင်ခံစာတွင် ဖော်ပြထားကြောင်း သိရသည်။

ဗီယက်နမ်၏စုစုပေါင်းပုစွန်တင်ပို့မှုသည် ၂၀၂၅ ခုနှစ်တွင် စံချိန်တင် အမေရိကန်ဒေါ်လာ ၄ ဒသမ ၆၅ ဘီလီယံရှိခဲ့ပြီး ယခင်နှစ်ထက် ၁၉ ဒသမ ၉ ရာခိုင်နှုန်းမြင့်တက်လာခဲ့ကြောင်း သိရသည်။

Source: https://english.news.cn/20260108/7cd2ce7cc89648ce8cf81b630c385411/c.html

(ကေခိုင်ကျော်၊ စီးပွားရေးသံမှူး၊ နန်နင်းမြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_14012026_14:26

## ကမ္ဘာ့ကုန်စည်ပြပွဲ ၂၀၃၅ ကို အမေရိကန်နိုင်ငံ၌ လက်ခံကျင်းပလိုကြောင်း သမ္မတထရမ့်က ပြောကြားခဲ့

အမေရိကန်သမ္မတထရမ့်က "ကမ္ဘာ့ကုန်စည်ပြပွဲ ၂၀၃၅(World Expo 2035)ကို အမေရိကန်နိုင်ငံ၌ လက်ခံကျင်းပခွင့်ရရှိရေးယှဉ်ပြိုင်သွားရန် ရည်ရွယ်ချက်ရှိသည်ဟု ကြေညာကြောင်း၊ အမေရိကန်နိုင်ငံ၊ ဖလော်ရီဒါပြည်နယ်က ယင်းကမ္ဘာ့ကုန်စည်ပြပွဲ ၂၀၃၅ ကိုလက်ခံကျင်းပရန် စိတ်ဝင်စားပြီး ယင်းသို့ကျင်းပခွင့်ရပါက အမေရိကန်နိုင်ငံရွှေခေတ်၏ မှတ်တိုင်တစ်ခုဖြစ်လာမည်ဖြစ်ကြောင်း၊ ဖလော်ရီဒါပြည်နယ်၊ မိုင်ယာမီမြို့ဇာတိ နိုင်ငံခြားရေးဝန်ကြီး မာကိုရူဘီယိုအား ယင်းကုန်စည်ပြပွဲနှင့်ပတ်သက်၍ ညှိနှိုင်းဆောင်ရွက်ရန်ခန့်အပ်ကြောင်း၊ ကုန်စည်ပြပွဲကျင်းပခြင်းကြောင့် အမေရိကန်နိုင်ငံ၌ အလုပ်အကိုင်များဖန်တီးနိုင်မည်ဖြစ်ကာ စီးပွားရေးတိုးတက်မှုတွင် ဒေါ်လာဘီလီယံပေါင်းများစွာ ထပ်ပေါင်းနိုင်မည်ဖြစ်ကြောင်း၊ ပထမအကြိမ် သမ္မတသက်တမ်းအတွင်း ၂၀၂၆ ခုနှစ်၊ ကမ္ဘာ့ဖလားပွဲ(2026 FIFA World Cup)နှင့် ၂၀၂၈ ခုနှစ်၊ လော့စ်အိန်ဂျယ်လစ်နွေရာသီအိုလံပစ်ပြိုင်ပွဲ(2028 LA Summer Olympics)တို့ကို အမေရိကန်နိုင်ငံ၌ ကျင်းပခွင့်ရရှိရေး ကြိုးပမ်းခဲ့ကြောင်းနှင့် အမေရိကန်နိုင်ငံ၏ ၄၇ ဦးမြောက်သမ္မတအဖြစ် အမေရိကန်နိုင်ငံ နှစ် ၂၅၀ ပြည့် အထိမ်းအမှတ် (America 250) အခမ်းအနား၊ ဂျီ-၂၀ (G20 Doral) နှင့် ဂျီ-၇ (G7) အစည်းအဝေးတို့ကို လက်ခံ ကျင်းပခွင့်ရသည့်အတွက်လည်း ဂုဏ်ယူဝမ်းမြောက်ကြောင်း" ၎င်းပိုင်လူမှုကွန်ရက် "TruthSocial" ၌ ရေးသား ဖော်ပြခဲ့သည်။

https://truthsocial.com/@realDonaldTrump/posts/115940444095244586 ,(ခင်ဆွေဦး၊ စီးပွားရေးသံမှူး၊ ဝါရှင်တန်မြို့)

Source:https://myantrade.gov.mm/article/STP(Ygn)_27012026_13:18

## ဂျာမနီတွင် ဘီယာချက်စက်ရုံမှစွန့်ပစ်ပစ္စည်းများကို သက်သတ်လွတ်အသားအဖြစ်အစားထိုးရန်စတင်ဆောင်ရွက်နေ

ဂျာမနီတွင် ဘီယာသောက်သုံးမှုများကျဆင်းလာသည်နှင့်အမျှ ဘီယာချက်စက်ရုံများသည် စီးပွားရေး ပုံစံအသစ်များကို ရှာဖွေလာကြကြောင်း၊ ဘောလ်တစ်ပင်လယ်ကမ်းရိုးတန်းရှိ Störtebeker ဘီယာချက်စက်ရုံသည် မုယောစပါးဖြင့် ဘီယာချက်လုပ်ခြင်းမှ ကျန်ရှိထွက်ပေါ်လာသော ကောက်နှံအကျန်များကို သက်သတ် လွတ်အသားအစားထိုးအဖြစ် စားသုံးရန်ရည်ရွယ်သည့် Eat Beer ဟု အမည်ရသော လုပ်ငန်းအသစ်တစ်ခုကို စတင်ရန် ဆောင်ရွက်နေကြောင်း သိရသည်။

ယင်းလုပ်ငန်းသည်သက်သတ်လွတ် nuggets နှင့် ဝက်အူချောင်းများကဲ့သို့သောထုတ်ကုန်များအတွက်ပရိုတင်းကြွယ်ဝသောအခြေခံပစ္စည်းများအဖြစ် ဘီယာချက်စက်ရုံမှ ကောက်နှံများကို ကမာကောင် ပုံစံမှိုများနှင့်ပေါင်းစပ်၍ ပြုလုပ်ရန်ရည်ရွယ်ထားကြောင်း၊ စွမ်းအင်ကုန်ကျစရိတ်များမြင့်တက်လာပြီး အမြတ်အစွန်းများကျဆင်းလာကြသည့်အနေအထားတွင် အခြားသော

ဘီယာချက်စက်ရုံများ၏ စိတ်ဝင်စားမှုသည်လည်းမြင့်တက်လာနေကြောင်း၊ ဥရောပသမဂ္ဂမှယင်းကိစ္စအပေါ်ခွင့်ပြုချက်ကိုဆိုင်းငံ့ထားဆဲဖြစ်သော်လည်း စက်မှုလုပ်ငန်းတစ်ခုအနေဖြင့် စမ်းသပ်ဆောင်ရွက်မည့်နေရာများကိုပါ တိုးချဲ့သွားရန် အစီအစဉ်များရှိနှင့်ပြီးဖြစ်ကြောင်း၊ အဆိုပါ start up သည် ဘီယာချက်လုပ်ငန်းများ၏ ကျွမ်းကျင်မှုမှသည် ပြောင်းလဲနေသော ဈေးကွက်များနှင့် လိုက်လျောညီထွေဖြစ်စေမည့် စက်မှုလုပ်ငန်းများအထိ ဆောင်ရွက်သွားနိုင်သည်ကို မီးမောင်းထိုးပြနေကြောင်း ဖော်ပြထားသည်။ Source: https://www.dw.com/en/eat-beer-vegan-meat-from-brewery-waste/video-75583085

(သန္တာစော၊ စီးပွားရေးသံမှူး၊ ဘာလင်မြို့)

Source:https://myantrade.gov.mm/article/STP(Ygn)_26012026_14:16

## ထိုင်းနိုင်ငံ၊ စိုက်ပျိုးရေးနှင့် သမဝါယမဝန်ကြီးဌာနသည် ကျွဲကောနှင့် သရက်သီးမျိုးစိတ်အားလုံးကို ဂျပန်နိုင်ငံသို့ တိုးမြှင့်တင်ပို့နိုင်ရေးဆောင်ရွက်လျက်ရှိ

ထိုင်းနိုင်ငံ၊ စိုက်ပျိုးရေးနှင့် သမဝါယမဝန်ကြီးဌာနသည် ကုန်သွယ်မှုပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ဆောင်ရွက်လျက်ရှိပြီး ထိုင်းကျွဲကောနှင့် သရက်သီးမျိုးစိတ်အားလုံးကို ဂျပန်နိုင်ငံသို့ တင်ပို့နိုင်ရေးမြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း NBT World သတင်းတွင်ဖော်ပြထားသည်။

စိုက်ပျိုးရေးနှင့်သမဝါယမဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် Winarot Sapsongsuk သည် ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၁၆ ရက်နေ့တွင် ဂျပန်နိုင်ငံ၊ Mie စီရင်စုဒုတိယအုပ်ချုပ်ရေးမှူး Yukitoshi Noro နှင့်တွေ့ဆုံခဲ့ပြီး ဂျပန်နိုင်ငံ၏ အဓိကစိုက်ပျိုးရေးနှင့်အစားအစာထုတ်လုပ်ရာဒေသဖြစ်သည့် Mie စီရင်စုနှင့် ဆက်ဆံရေးခိုင်မာစေရန် အခွင့်အလမ်းတစ်ရပ်ဖြစ်ကြောင်း၊ ဂျပန်-ထိုင်းစီးပွားရေးပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက် (JTEPA)နှင့် ဘက်စုံမဟာဗျူဟာမိတ်ဖက်ဆက်ဆံရေး(CSP) ကဲ့သို့သော ရှိရင်းစွဲအမျိုးသားမူဘောင်များနှင့် စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် ကုန်သွယ်မှုနယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှု ကျယ်ပြန့်လာစေရန် စီရင်စုအဆင့်ပူးပေါင်းဆောင်ရွက်မှုကို အလေးပေးပြောကြားခဲ့သည်။

Mie ၏ဒုတိယအုပ်ချုပ်ရေးမှူးက ဂျပန်သို့ သစ်သီးများတင်ပို့ရောင်းချခြင်းအတွက် ဈေးကွက်ချဲ့ထွင်ရန် အပြုသဘောဆောင်သောနည်းလမ်းအဖြစ် ဝန်ကြီးဌာနက ယူဆထားသည့် သစ်သီးဖလှယ်ရေးအစီအစဉ်ကို အဆိုပြုခဲ့ကြောင်း၊ သက်ဆိုင်ရာဌာနများမှ နည်းပညာပိုင်းဆိုင်ရာနှင့် လုပ်ငန်းဆောင်ရွက်မှု အသေးစိတ် အချက်အလက်များကို ဆက်လက်ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ လယ်ယာထွက်ကုန်များမြှင့်တင်ရန်နှင့် နယ်စပ်ကုန်သွယ်ရေးလွယ်ကူချောမွေ့စေရန် နှစ်ဖက်စလုံးက အနီးကပ်ပူးပေါင်းဆောင်ရွက်သွားရန် သဘောတူညီခဲ့ကြပြီး၊ Mie မှ လိမ္မော်သီး၊ ထိုင်းကျွဲကောနှင့် သရက်သီးမျိုးစိတ်အားလုံးတို့ကို အဓိကထားဆောင်ရွက်သွားရန် သဘောတူညီခဲ့ကြကြောင်း၊ ထိုင်းကျွဲကောနှင့် သရက်သီးများကို အနာဂတ်တွင် ဂျပန်ဈေးကွက်သို့ ပို့ဆောင်နိုင်ရန် အမျိုးသားအေဂျင်စီများနှင့် ပူးပေါင်းဆောင်ရွက်သွားရန် အဆင်သင့်ရှိကြောင်း Mie စီရင်စုမှ ထုတ်ဖော်ပြောကြားခဲ့သည်။ Source: NBTWorld ,(သီတာဝင်း၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_23012026_13:32

## အမေရိကန်နိုင်ငံက Greenland အပေါ်ထိန်းချုပ်လိုမှုနှင့်ပတ်သက်၍ ဥရောပနိုင်ငံများအပေါ်ချမှတ်မည့် သွင်းကုန်ခွန်ကောက်ခံတော့မည်မဟုတ်ကြောင်း သမ္မတထရမ့်က ပြောကြားခဲ့

အမေရိကန်သမ္မတထရမ့်သည် Greenland အပေါ် ထိန်းချုပ်ခွင့်ရရှိရေးနှင့်ပတ်သက်၍ ဒိန်းမတ်၊ နော်ဝေ၊ ဆွီဒင်၊ ပြင်သစ်၊ ဂျာမနီ၊ ဗြိတိန်၊ နယ်သာလန်နှင့် ဖင်လန်နိုင်ငံများမှ အမေရိကန်နိုင်ငံသို့ တင်ပို့သည့် သွင်းကုန်များအပေါ် ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်မှစ၍ သွင်းကုန်ခွန် ၁၀ ရာခိုင်နှုန်းကောက်ခံမည်ဖြစ်ကြောင်း ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်တွင် ၎င်းပိုင်လူမှုကွန်ရက် “Truth Social” ၌ ရေးသားဖော်ပြခဲ့ သော်လည်း ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်တွင် “နေတိုး (NATO) အတွင်းရေးမှူးချုပ် Mark Rutte နှင့် တွေ့ဆုံ ဆွေးနွေးမှုအရ Green land အပါအဝင် အာတိတ်ဒေသတစ်ခုလုံးနှင့် ပတ်သက်သည့် အပေးအယူမူဘောင်ကို ပြုလုပ်ခဲ့ကြောင်း၊ ဤဆွေးနွေးမှုရလဒ်သည် အမေရိကန်နိုင်ငံနှင့် ဥရောပနိုင်ငံအားလုံးအတွက် ကောင်းမွန်သည့်ကိစ္စရပ်တစ်ခုဖြစ်ကြောင်း၊ ထို့ကြောင့် ယင်းသို့နားလည်မှုရရှိသည့်အပေါ်အခြေခံ၍ ဥရောပနိုင်ငံများအပေါ် ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်တွင်စတင်ကောက်ခံမည့် သွင်းကုန်ခွန်ကိုကောက်ခံတော့မည်မဟုတ်ကြောင်း၊ Greenland နှင့်ပတ်သက်သည့် Golden Dome ကိစ္စကိုလည်း ထပ်မံဆွေးနွေးမည်ဖြစ်ပြီး ဆွေးနွေးမှု၏ တိုးတက်ဖြစ်ပေါ်မှုများနှင့် ပတ်သက်သည့်အချက်အလက်များကိုလည်း မျှဝေသွားမည်ဖြစ်ကြောင်း၊ အမေရိကန်နိုင်ငံမှ ဒုတိယသမ္မတ ဂျေ၊ ဒီ၊ ဗင့်စ်၊

နိုင်ငံခြားရေးဝန်ကြီးနှင့် အထူးကိုယ်စားလှယ်တို့က ယင်းကိစ္စ ရပ်များကို ဆက်လက်ဆွေးနွေးရန် တာဝန်ပေးထားကြောင်း” ဖြင့် ၎င်းပိုင်လူမှုကွန်ရက် “TruthSocial” ၌ ထပ်မံရေးသား ဖော်ပြခဲ့သည်။

https://truthsocial.com/@realDonaldTrump/posts/115934734335579278, (ခင်ဆွေဦး၊ စီးပွားရေးသံမှူး၊ ဝါရှင်တန်မြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_27012026_13:25

## ပြည်တွင်းကုန်သွယ်မှုသတင်း

### စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းများနှင့် စပ်လျဉ်းသည့်ညှိနှိုင်းအစည်းအဝေးသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေ တက်ရောက် အမှာစကားပြောကြား

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်နေ့၊ ၁၃:၀၀ နာရီတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာန၊ ရုံးအမှတ်- ၃ ၌ ကျင်းပပြုလုပ်ခဲ့သည့် စားသုံးဆီတင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်းများနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေ တက်ရောက်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေး ကော်မတီအနေဖြင့် ပြည်တွင်းစားသုံးဆီ စားသုံးမှု၊ သုံးစွဲမှု၊ ထုတ်လုပ်နိုင်မှုနှင့် တင်သွင်းရန် လိုအပ်မှုတို့ကိုအခြေခံပြီး ပြည်ပမှ စားသုံးဆီတင်သွင်းရန် လိုအပ်ချက်ကို တွက်ချက်ကာ တင်သွင်းခွင့်ပြုလျက်ရှိကြောင်း၊ ဖြစ်သင့်ဖြစ်ထိုက်သည့် ရည်ညွှန်းဈေးနှုန်းဖြစ်စေရေးအတွက် စားသုံးဆီရည်ညွှန်းဈေးနှုန်း စိစစ်တွက်ချက်ရေးအဖွဲ့မှ သေချာစွာစိစစ်တွက်ချက်၍ အပတ်စဉ်ထုတ်ပြန်ပေးလျက်ရှိကြောင်း၊ မလိုအပ်သော ကုန်ကျစရိတ်များကို လျှော့ချခြင်းနှင့် ပြည်ပ CIF ဈေးနှုန်းများ ပြန်လည်ကျဆင်းလာခြင်းတို့ကြောင့် စက်တင်ဘာလစတုတ္ထပတ်မှ ဒီဇင်ဘာလအထိ စားသုံးဆီတစ်ပိဿာ ဈေးနှုန်းမှာ ၅၆၀ ကျပ် ကျဆင်းလာခဲ့ကြောင်း၊ ဈေးကွက်ဖြန့်ဖြူးမှုအနေဖြင့်လည်း တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ခွဲဝေလျာထားသည့်ပမာဏအတိုင်း ရောက်ရှိနိုင်စေရန် တိုင်းဒေသကြီး စားအုန်းဆီဖြန့်ဖြူးမှုကြီးကြပ်ရေးကော်မတီများ၊ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၊ ကုမ္ပဏီများနှင့်ညှိနှိုင်းပေးလျက်ရှိကြောင်း၊ အချို့သောမြို့နယ်များတွင် ကော်မတီမှသတ်မှတ်သည့်ဈေးနှုန်းထက်မြင့်တင်ရောင်းချလျက်ရှိသကဲ့သို့ အချို့မြို့နယ်များတွင် ခွဲတမ်းကိုအပြည့်အဝရောင်းချမှုမရှိခြင်းတို့ကို ကြားသိရသည့်အတွက် သတ်မှတ်ကာလအတွင်း သက်ဆိုင်ရာဒေသသို့သတ်မှတ်ဈေးနှုန်း၊ အရည်အသွေး၊ အချင်အတွယ်မှန်ကန်စွာဖြင့်ရောင်းချစေရေးနှင့်မသမာသောနည်းလမ်းများဖြင့် ဖြန့်ဖြူးရောင်းချမှုများကိုစစ်ဆေးဖော်ထုတ်မှုများဆောင်ရွက်လျက်ရှိကြောင်း၊ သို့ဖြစ်ရာ ကုမ္ပဏီများအနေဖြင့် တင်သွင်းခွင့်ရရှိသောစားအုန်းဆီများကိုပြည်သူများထံအပြည့်အဝဖြန့်ဖြူးရောင်းချခြင်း၊ မိမိတို့၏လက်ကား၊ လက်လီကိုယ်စားလှယ်များကိုကြီးကြပ်ထိန်းကျောင်းခြင်းတို့ဆောင်ရွက်သွားကြစေလိုကြောင်းနှင့် တင်သွင်းဖြန့်ဖြူးရာတွင်တွေ့ကြုံရသည့်အခက်အခဲများရှိပါက ဝန်ကြီးဌာန၏ သက်ဆိုင်ရာ ဦးစီးဌာနများနှင့် ဆက်သွယ်ပြီး ဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်ပြီး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမင်းမင်းက စားသုံးဆီတင်သွင်းခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းနှင့် စပ်လျဉ်း၍ ဆောင်ရွက်ရမည့် စံလုပ်ငန်းစဉ် (SOP) များအား တိကျစွာလိုက်နာဆောင်ရွက်ရေး၊ စားသုံးဆီကဏ္ဍအထောက်အကူပြုအဖွဲ့များဖြစ်သည့် ဆီကန်ကြီးကြပ်ရေးလုပ်ငန်းအဖွဲ့နှင့်လေ့လာစောင့်ကြည့်သုတေသနအဖွဲ့တို့အနေဖြင့် မြေပြင်အခြေအနေမှန်များအားတင်ပြရေး၊ မီဒီယာများနှင့်တွေ့ဆုံ၍ အများပြည်သူသိသင့်သိထိုက်သည့် သတင်းအချက်အလက်များကို ရှင်းလင်းပြောကြားရေးနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များသို့ ကွင်းဆင်းစစ်ဆေးရေးလုပ်ငန်းစဉ်များအား ရှင်းလင်းပြောကြားသည်။

ထို့နောက် စားသုံးသူရေးရာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လှိုင်၊ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမောင်မောင်ဇော်နှင့် စားသုံးဆီတင်သွင်းဖြန့်ဖြူးသည့်ကုမ္ပဏီများမှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ၊ အခက်အခဲများနှင့် စပ်လျဉ်း၍ တင်ပြဆွေးနွေးမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များအား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အခမ်းအနားသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်နှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်းမှတာဝန်ရှိသူများနှင့် စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးရောင်းချသည့် ကုမ္ပဏီများမှ တာဝန်ရှိသူများ၊ စုစုပေါင်း ၇၅ ဦး တက်ရောက်ခဲ့ကြပြီး အခမ်းအနားကို ၁၆:၀၀ နာရီတွင် ရုပ်သိမ်းကြောင်း သိရသည်။

Source: https://commerce.gov.mm/my/article/minister-news-ministers-office/32801

## နဝမအကြိမ်မြောက် မြန်မာ-အိန္ဒိယ ကုန်သွယ်ရေး ပူးတွဲကော်မတီအစည်းအဝေးကျင်းပ

၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၂၁ ရက်နေ့၊ ၁၀:၀၀ နာရီတွင် နေပြည်တော်၊ Park Royal Hotel ၌ မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် နဝမအကြိမ်မြောက် မြန်မာ-အိန္ဒိယကုန်သွယ်ရေး ပူးတွဲကော်မတီအစည်းအဝေးသို့ အစည်းအဝေး၏သဘာပတိ(Chair)အဖြစ် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမင်းမင်း တက်ရောက်အမှာစကား ပြောကြားခဲ့သည်။

ဒုတိယဝန်ကြီးက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား ကုန်သွယ်ရေး ပူးတွဲကော်မတီတည်ထောင်ရေးဆိုင်ရာနားလည်မှုစာချွန်လွှာအရ ကုန်သွယ်ရေးပူးတွဲ ကော်မတီအစည်းအဝေးများကို ၂၀၀၃ ခုနှစ်မှစတင်၍ နှစ်နိုင်ငံအိမ်ရှင်အဖြစ် အလှည့်ကျကျင်းပခဲ့ကြောင်း၊ အဆိုပါ အစည်းအဝေးများသည် နှစ်နိုင်ငံအကြား ကုန်သွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကိုမြှင့်တင်ရာတွင် အရေးပါသည့် မှတ်တိုင်တစ်ခုဖြစ်ကြောင်း၊ မိမိတို့နှစ်နိုင်ငံအကြား ကုန်သွယ်မှုပမာဏကို ပိုမိုမြှင့်တင်နိုင်ရေးအတွက် လွယ်ကူချောမွေ့စေမည့် နည်းလမ်းများ၊ အခြေခံအဆောက်အအုံများ တိုးတက်ကောင်းမွန်စေရေးနှင့် စိုက်ပျိုးရေး၊ ပို့ဆောင်ရေး၊ စွမ်းအင်၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ (ICT)၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (MSMEs)၊ ကျန်းမာရေး အစရှိသည့် အဓိကကဏ္ဍကြီးများတွင် ရင်းနှီးမြှုပ်နှံမှုများပိုမိုတိုးမြှင့်သွားနိုင်ရေးတို့အတွက် ဆွေးနွေးညှိနှိုင်းသွားကြမည်ဖြစ်ကြောင်း၊ ယနေ့ကျင်းပသည့် အစည်းအဝေးသည် နှစ်နိုင်ငံအကြား လက်ရှိပူးပေါင်းဆောင်ရွက်နေမှုများကို ပိုမိုခိုင်မာစေမည်ဖြစ်ပြီး နှစ်ဖက်စီးပွားရေးလုပ်ငန်းရှင်များ ရင်ဆိုင်ကြုံတွေ့နေရသည့် ကုန်သွယ်မှုဆိုင်ရာစိန်ခေါ်မှုများကို လျှော့ချကျော်လွှားနိုင်မည့် နည်းလမ်းကောင်းများကို ဖော်ထုတ်ပေးနိုင်မည်ဟု ယုံကြည်မျှော်လင့်မိကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်နေ့တွင် ကျင်းပခဲ့သော Preliminary Meeting တွင် နှစ်နိုင်ငံသက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ အသေးစိတ်အပြန်အလှန် ဆွေးနွေးထားသည့် အစည်းအဝေးမှတ်တမ်းအား မြန်မာနိုင်ငံဘက်မှ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမင်းမင်းနှင့် အိန္ဒိယနိုင်ငံဘက်မှ ကူးသန်းရောင်းဝယ်ရေးနှင့်စက်မှုဝန်ကြီးဌာန၊ ကူးသန်းရောင်းဝယ်ရေးဦးစီးဌာနမှ Additional Secretary ဖြစ်သူ H.E. Shri Nitin Kumar Yadav တို့မှ အတည်ပြုလက်မှတ်ရေးထိုးခဲ့ကြသည်။ လက်မှတ်ရေးထိုးပွဲအပြီးတွင် အိန္ဒိယနိုင်ငံဘက်မှ တက်ရောက်လာသည့် ကိုယ်စားလှယ်များနှင့် မြန်မာနိုင်ငံဘက်မှ တက်ရောက်သည့် ဌာနဆိုင်ရာကိုယ်စားလှယ်များအား နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

အဆိုပါ နဝမအကြိမ်မြောက် မြန်မာ-အိန္ဒိယကုန်သွယ်ရေးပူးတွဲ ကော်မတီအစည်းအဝေးသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E. Sh. Abhay Thakur၊ အိန္ဒိယသမ္မတနိုင်ငံ၊ ကူးသန်းရောင်းဝယ်ရေးနှင့်စက်မှုဝန်ကြီးဌာန၊ ကူးသန်းရောင်းဝယ်ရေးဦးစီးဌာနမှ Additional Secretary ဖြစ်သူ Shri Nitin Kumar Yadav ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် တာဝန်ရှိသူများ စုစုပေါင်းကိုယ်စားလှယ် ၅၆ ဦး တက်ရောက်ကြပြီး ဒသမအကြိမ်မြောက် မြန်မာ-အိန္ဒိယကုန်သွယ်ရေး ပူးတွဲကော်မတီ အစည်းအဝေးကို အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့၌ ကျင်းပသွားရန် ညှိနှိုင်းသဘောတူညီခဲ့ကြောင်း သိရသည်။

Source: https://commerce.gov.mm/my/article/minister-news/32817

## စတုတ္ထအကြိမ်မြောက် South Asia Agri Forum 2026 အခမ်းအနားကျင်းပ

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်၊ နံနက် ၀၉:၀၀ နာရီတွင် ရန်ကုန်မြို့၊ Novotel Hotel ၌ မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် စတုတ္ထအကြိမ်မြောက် South Asia Agri Forum (2026) အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမင်းမင်းတို့ တက်ရောက်ချီးမြှင့်ခဲ့သည်။

အခမ်းအနားတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက အမှာစကား ပြောကြားရာ South Asia Agri Forum 2026 ကို ကျင်းပပြုလုပ်ခြင်းအားဖြင့် မြန်မာ-အိန္ဒိယနှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မာအားကောင်းလာစေပြီး နှစ်နိုင်ငံအပြန်အလှန်အကျိုးဖြစ်ထွန်းစေမည့် အခွင့်အလမ်းသစ်များ တိုးပွားလာစေကြောင်း၊ မြန်မာ

နိုင်ငံအနေဖြင့် မြန်မာ့စိုက်ပျိုးရေးထွက်ကုန်များဖြစ်သည့် ပဲမျိုးစုံ၊ မတ်ပဲနှင့် ပဲစင်းငုံတို့ကို အိန္ဒိယနိုင်ငံသို့ အဓိကထား တင်ပို့ခဲ့ကြောင်း၊ မြန်မာနိုင်ငံသည် အိန္ဒိယနိုင်ငံသို့ ပဲမျိုးစုံတင်ပို့မှုအပြင် ပြောင်း၊ ရေထွက်ကုန်ပစ္စည်းများ၊ မြေပဲ၊ သစ်နှင့် ရော်ဘာစသည့် အခြားထုတ်ကုန်များ တင်ပို့လျက်ရှိကြောင်း၊ အပြန်အလှန်အားဖြင့် မြန်မာနိုင်ငံ၏ စီးပွားရေးကဏ္ဍ အထောက်အကူပြုစေရေးအတွက် ဆေးဝါးပစ္စည်းများ၊ စက်မှုလုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများကို အိန္ဒိယနိုင်ငံမှ တင်သွင်းလျက်ရှိကြောင်း၊ အိန္ဒိယနိုင်ငံ၏ အကောက်ခွန်ကင်းလွတ်ခွင့်ဆိုင်ရာမူဝါဒနှင့် ASEAN- India စီးပွားရေးမူဘောင်များအရ နှစ်နိုင်ငံစီးပွားရေး အခွင့်အလမ်းများ လွယ်ကူချောမွေ့စေကြောင်း၊ နှစ်နိုင်ငံအကြား ပဲမျိုးစုံတင်ပို့မှုဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံဆန်စပါးတင်ပို့မှု၊ ငွေကြေး၊ ဘဏ်ကိစ္စရပ်များ ပိုမိုအဆင်ပြေ ချောမွေ့လာစေပြီး မြန်မာ-အိန္ဒိယနှစ်နိုင်ငံအကြား လက်ရှိပူးပေါင်းဆောင်ရွက်နေမှုများ ပိုမိုလေးနက်ခိုင်မာ အားကောင်းလာစေမည်ဟု ယုံကြည်မျှော်လင့်ကြောင်း ပြောကြားခဲ့သည်။

စတုတ္ထအကြိမ်မြောက် South Asia Agri Forum 2026 ကို ရန်ကုန်မြို့၊ Novotel Hotel ၌ ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၂၂ ရက်နေ့မှ ၂၃ ရက်နေ့ထိ ကျင်းပပြုလုပ်မည်ဖြစ်ပြီး အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ အိန္ဒိယနိုင်ငံစားသုံးသူရေးရာ၊ စားနပ်ရိက္ခာနှင့် ပြည်သူ့ ဖြန့်ဖြူးမှုရေးရာဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် H.E Mrs Nidhi Khare ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E Mr. Abhay Thakur ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်း၊ Oversea Agro Traders Association (OATA Myanmar) Bharat Subcontinent Agri Foundation (BSAF) တို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ပဲမျိုးစုံတင်ပို့သည့်ကုမ္ပဏီများ၊ ကနေဒါ၊ သြစတြေးလျ၊ အမေရိကန်ပြည်ထောင်စု၊ ဘရာဇီး၊ နီပေါ၊ ဘင်္ဂလားဒေ့ရှ်၊ စင်ကာပူ၊ ရုရှား၊ သီရိလင်္ကာ၊ အိန္ဒိယ၊ တန်ဇန်းနီးယား၊ ယူအေအီးနှင့် ဥရောပသမဂ္ဂမှ နိုင်ငံအချို့အပါအဝင် ပြည်ပလုပ်ငန်းရှင် ၁၆၁ ဦး၊ ပြည်တွင်းရှိ ကောက်ပဲသီးနှံများကို တစိုက်မတ်မတ်ဝယ်ယူပေးနေသည့် ပြည်ပကုန်ဝယ်သူ ၄၆ ဦးနှင့် မြန်မာနိုင်ငံမှ ကောက်ပဲသီးနှံအားစိုက်ပျိုးသည်မှသည် ပြည်ပတင်ပို့သည့်လမ်းကြောင်းတစ်လျှောက် ပါဝင်လုပ်ကိုင်နေသည့် အထူးဖိတ်ကြားထားသူများ၊ ဘဏ်များ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊ ဆိပ်ကမ်းနှင့်သင်္ဘောလိုင်းများမှ ပြည်တွင်း၊ ပြည်ပပညာရှင်များ၊ စုစုပေါင်း ၄၅၅ ဦး တက်ရောက်ခဲ့ကြသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမင်းမင်းသည် စတုတ္ထအကြိမ်မြောက် South Asia Agri Forum (2026) သို့ တက်ရောက်ရန်လာရောက်သည့် အိန္ဒိယနိုင်ငံ၊ စားသုံးသူရေးရာ၊ အစားအသောက်နှင့် ဖြန့်ဖြူးရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ Secretary ဖြစ်သူ H.E. Mrs. Nidhi Khare အား ရန်ကုန်မြို့၊ Novotel Hotel ရှိ အစည်းအဝေးခန်းမ၌ မွန်းလွဲပိုင်းတွင် လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံကုန်သွယ်မှုမြှင့်တင်နိုင်ရေး၊ ၂၀၂၆ ခုနှစ်၊ နှစ်ဆန်းကာလတွင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံပြီး နဝမအကြိမ်မြောက် မြန်မာ-အိန္ဒိယကုန်သွယ်ရေးပူးတွဲကော်မတီအစည်းအဝေး၊ မြန်မာ-အိန္ဒိယ စီးပွားရေးဆွေးနွေးပွဲနှင့် South Asia Agri Forum (2026) တို့အား ကျင်းပပြုလုပ်နိုင်ခဲ့ခြင်းမှာ မိမိတို့ နှစ်နိုင်ငံအကြား ဆက်ဆံရေးခိုင်မြဲကောင်းမွန်သည့် ပြယုဂ်တစ်ခုဖြစ်ကြောင်း၊ ရှိရင်းစွဲကောင်းမွန်သည့်ဆက်ဆံရေးကို ဆက်လက်ထိန်းသိမ်းပြီး နှစ်နိုင်ငံအကြား ကုန်သွယ်မှုတိုးမြှင့်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားရေး၊ မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား မတ်ပဲနှင့် ပဲစင်းငုံ ကုန်သွယ်မှုပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာအား သက်တမ်းတိုးမြှင့်နိုင်ရေး၊ မတ်ပဲနှင့် ပဲစင်းငုံအပါအဝင် ပဲမျိုးစုံ၊ အခြားဆီထွက်သီးနှံများ၊ ဝါဂွမ်းနှင့် စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများအား အိန္ဒိယနိုင်ငံသို့ ပိုမိုတင်ပို့သွားနိုင်ရေးနှင့် မြန်မာနိုင်ငံမှ စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများ နိုင်ငံတကာအဆင့်မီ အရည်အသွေးပြည့်ဝ ကောင်းမွန်စေရန်အတွက် နည်းပညာပိုင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့် နှစ်နိုင်ငံကုန်သွယ်မှု ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် ရူပီး- ကျပ်ငွေပေးချေမှုအား ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

Source: https://commerce.gov.mm/my/article/minister-news/32820

## ပြည်ပကုန်သွယ်မှုသတင်း

### နှစ်နိုင်ငံကုန်သွယ်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ သက်တမ်းတိုးမြှင့်နိုင်ရေး၊ မြန်မာ့ပဲမျိုးစုံနှင့် စိုက်ပျိုးရေးထွက်ကုန်များ အိန္ဒိယနိုင်ငံသို့ ပိုမိုတိုးမြှင့်တင်ပို့နိုင်ရေးကိစ္စရပ်များ မြန်မာ-အိန္ဒိယ ဆွေးနွေး

နှစ်နိုင်ငံကုန်သွယ်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာသက်တမ်းတိုးမြှင့်နိုင်ရေး၊ မြန်မာ့ပဲမျိုးစုံနှင့် စိုက်ပျိုးရေးထွက်ကုန်များ အိန္ဒိယနိုင်ငံသို့ ပိုမိုတိုးမြှင့်တင်ပို့နိုင်ရေးကိစ္စရပ်များ မြန်မာ-အိန္ဒိယ ဆွေးနွေးခဲ့ ကြောင်း သိရသည်။

ဇန်နဝါရီ ၂၀ ရက်က စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေသည်မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E. Mr. Abhay Thakur နှင့် ၉ ကြိမ်မြောက် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံကုန်သွယ်ရေး ပူးတွဲကော်မတီအစည်းအဝေးသို့တက်ရောက်ရန် နေပြည်တော်၌ရောက်ရှိနေသည့် အိန္ဒိယနိုင်ငံကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာနကူးသန်းရောင်းဝယ်ရေးဦးစီးဌာန Additional Secret-ary Sh. Nitin Kumar Yadav တို့ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား နေပြည်တော် ရုံးအမှတ် ၃ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ် ထိုသို့ဆွေးနွေးခဲ့ခြင်းဖြစ်သည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံပူးတွဲကုန်သွယ်ရေးကော်မတီအစည်းအဝေးတွင် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံစလုံးအတွက် အကျိုးဖြစ်ထွန်းစေမည့် ရလဒ်ကောင်းများပေါ်ထွက်လာစေရေး၊ နှစ်နိုင်ငံကုန်သွယ်မှုတိုးမြှင့်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်လိုသည့်လုပ်ငန်းစဉ်များ၊ နှစ်နိုင်ငံကုန်သွယ်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာသက်တမ်းတိုးမြှင့်နိုင်ရေး၊ မြန်မာ့ပဲမျိုးစုံအပါအဝင် စိုက်ပျိုးရေးထွက်ကုန်များ အိန္ဒိယနိုင်ငံသို့ ပိုမိုတိုးမြှင့်တင်ပို့နိုင်ရေး၊ နှစ်နိုင်ငံကုန်သွယ်မှုတွင် နှစ်နိုင်ငံငွေကြေးများ အသုံးပြုမှု အဆင်ပြေချောမွေ့စေရေးအတွက် ပူးပေါင်းဆောင်ရွက်သွားရေးနှင့် နှစ်ဖက်စီးပွားရေးလုပ်ငန်းရှင်များ အပြန်အလှန်ကူးလူးဆက်ဆံမှုများကို တွန်းအားပေးဆောင်ရွက်သွားရေးတို့ကို ဆွေးနွေးကြကြောင်း သိရသည်။

Source: [https://news-eleven.com/article/309314](https://news-eleven.com/article/309314)

### ဧရာဝတီတိုင်းဒေသကြီးအတွင်းပြည်ပဈေးကွက်ဝယ်လိုအားရှိသောပေါင်းဆန်များကြိတ်ခွဲထုတ်လုပ်ရောင်းချလျက်ရှိ

ဧရာဝတီတိုင်းဒေသကြီးသည် လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် နိုင်ငံအတွက်အားထားရသော တိုင်းဒေသကြီးတစ်ခု ဖြစ်ပြီး မိုးစပါးစိုက်ဧက ၃၇ သိန်းကျော်နှင့် နွေစပါးစိုက်ဧက ၁၅ သိန်းကျော် စုစုပေါင်း စိုက်ဧက ၅၂ သိန်းကျော် နှစ်စဉ် စိုက်ပျိုးထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

ဒေသတွင်း စားသုံးမှုဖူလုံရုံသာမက ပိုလျှံသည့် ဆန်၊ ဆန်ထွက်ပစ္စည်းများကို ပြည်တွင်းဈေးကွက်နှင့် ပြည်ပသို့ တင်ပို့ရောင်းချလျက်ရှိသလို ဈေးနှုန်းပိုမိုရရှိသည့် ပေါင်းဆန်များကိုလည်း တိုင်းအတွင်းရှိ ပေါင်းဆန် စက်ရုံ ၁၄ စက်မှ ကြိတ်ခွဲထုတ်လုပ်၍ ရန်ကုန်မှတစ်ဆင့်အိန္ဒိယနိုင်ငံနှင့် စင်ကာပူနိုင်ငံများသို့ အဓိက တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်း ပြည်ပဈေးကွက်ဈေးနှုန်းပိုမိုရရှိသည့်အတွက် ပေါင်းဆန်ကြိတ်ခွဲထုတ်လုပ်နိုင်မှုပမာဏမှာ တစ်နှစ်လျှင်ခန့်မှန်း ၂၅၄,၄၆၀ တန်ထုတ်လုပ်လျက်ရှိပြီး ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် ဧပြီလမှ ဇန်နဝါရီလအထိ ပေါင်းဆန်တန် ၃၉,၃၄၈ ၊ ၇၈၆,၉၆၀ အိတ် တင်ပို့ရောင်းချခဲ့ကြောင်း သိရသည်။

Source: [https://www.doca.gov.mm/my/node/62918](https://www.doca.gov.mm/my/node/62918)

### တရုတ်-မြန်မာရေနံစိမ်းပိုက်လိုင်းမှ ရေနံစိမ်းရယူ၍ ရေနံစိမ်းတန်ချိန် နှစ်သန်း ချက်လုပ်နိုင်သည့် သံပရာကန် ရေနံချက်စက်ရုံစီမံကိန်း တရုတ်နိုင်ငံပိုင်စွမ်းအင်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေ

တရုတ်-မြန်မာရေနံစိမ်းပိုက်လိုင်းမှ ရေနံစိမ်းရယူ၍ ရေနံစိမ်းတန်ချိန် နှစ်သန်း ချက်လုပ်နိုင်သည့် သံပရာကန်ရေနံချက်စက်ရုံစီမံကိန်း တရုတ်နိုင်ငံပိုင်စွမ်းအင်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေကြောင်း စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်က ပြောကြားသည်။

ဇန်နဝါရီ ၂၁ ရက်က ရေနံချက်စက်ရုံ (သန်လျင်)၌ ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းလုပ်ငန်းများကို စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် ဝန်ကြီးဌာနကြီးကြပ်မှုအောက်ရှိ လုပ်ငန်း၊ ဌာနများမှ တာဝန်ရှိသူများ၊ အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် အတူကြည့်ရှုစစ်ဆေးခဲ့သည်။

စစ်ဆေးစဉ် မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး၊ စက်ရုံမှူးနှင့် တာဝန်ရှိသူများက စက်ရုံသစ်တည်ဆောက်နေမှု၊ စက်ပစ္စည်းများ ရောက်ရှိတပ်ဆင်နေမှုအခြေအနေကို ရှင်းလင်းတင်ပြခဲ့သည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက စက်ရုံတည်ဆောက်ခြင်းလုပ်ငန်းများအား သတ်မှတ်အချိန်ကာလအတွင်းပြီးစီးရေး အလေးထားဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ စက်ပစ္စည်းများ တပ်ဆင်တည်ဆောက်ရာတွင် သတ်မှတ်စံချိန်စံညွှန်းများ ပြည့်မီစေရေးအတွက် တာဝန်ရှိသူအဆင့်ဆင့်က ကြီးကြပ်ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေးနှင့် စီးပွားရေးတွက်ခြေကိုက်စေရေးအတွက် ဘေးထွက်ပစ္စည်းများကို ထုတ်ကုန်များအဖြစ်ပြောင်းလဲထုတ်လုပ်ရေး၊ တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်နိုင်ရေးတို့ကို နည်းပညာအသုံးပြု၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ရေနံချက်လုပ်ရာမှ ဘေးထွက်ပစ္စည်းအဖြစ် ထွက်ရှိလာမည့် ကာဗွန်ဒိုင်အောက်ဆိုဒ်များကို ဖမ်းယူ၍ ရေခဲခြောက်များ (Dry Ice) ထုတ်လုပ်နိုင်ရန် စီမံဆောင်ရွက်ခြင်းဖြင့် Dry Ice တင်သွင်းနေရသည့် နိုင်ငံခြားငွေများ သက်သာသွားမည်ဖြစ်ရာ လိုအပ်သည့် စက်ကိရိယာများ ဖြည့်ဆည်းတပ်ဆင်သွားမည်ဖြစ်ကြောင်း၊ ယခုစီမံကိန်းပြီးစီးပါက စီမံကိန်းအပိုင်း ၂ ကို တစ်နှစ်လျှင် ရေနံစိမ်းတန်ချိန် ၃ သန်း ချက်လုပ်နိုင်သည့် ရေနံချက်စက်ရုံအဖြစ် ၂၀၂၈ ခုနှစ်အတွင်း အပြီးတည်ဆောက်သွားနိုင်ရန် အစီအမံများချမှတ်ဆောင်ရွက်နေကြောင်း၊ တစ်ချိန်တည်းမှာပင် တရုတ်-မြန်မာရေနံစိမ်း ပိုက်လိုင်းမှ ရေနံစိမ်းရယူ၍ ရေနံစိမ်းတန်ချိန် နှစ်သန်း ချက်လုပ်နိုင်သည့် သံပရာကန်ရေနံချက်စက်ရုံစီမံကိန်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံပိုင်စွမ်းအင်ဆိုင်ရာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ယင်းစီမံကိန်းများ ဆောင်ရွက်ပြီးစီးပါက ပြည်တွင်း စက်မောင်းဆီ လိုအပ်ချက်ကို ဖူလုံစွာ ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စက်ရုံသစ်တည်ဆောက်နေမှု၊ စက်ပစ္စည်းများတပ်ဆင်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းစေရေးဆိုင်ရာများကို မှာကြားခဲ့သည်။

ဆက်လက်၍ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ပင်မသိုလှောင်ဖြန့်ဖြူးရေးဌာနကြီး(ဓနိတော)ရှိ စွမ်းအင်ဝန်ကြီးဌာနဝန်ထမ်းများနှင့်တွေ့ဆုံရာ ပြည်ထောင်စုဝန်ကြီးက စက်မောင်းဆီများကို ကိုယ်တိုင် ထုတ်လုပ်နိုင်မှုမရှိသေးသည့်ကာလအတွင်း ပြည်ပမှာယူတင်သွင်းရာတွင် အရည်အသွေး၊ အရေအတွက် မှန်ကန်မှု ရှိစေရန်အတွက် Terminal များ၊ ဆီသယ်ယာဉ်များအား စံနှုန်းတိုင်း ရေချိန်စင်များဖြင့် စစ်ဆေးခြင်း၊ သယ်ဆောင်ခွင့်ပြုသည့် စာရွက်စာတမ်းများ ပြည့်စုံမှန်ကန်မှု ရှိ၊ မရှိ စစ်ဆေးခြင်းတို့ကို အရှိန်အဟုန်မပြတ် ဆောင်ရွက်ကြရန်၊ ဆီသယ်ယာဉ်များ၏ ဝင်ဆံ့မှုစံနှုန်းအား သတ်မှတ်ပေးရာတွင် နိုင်ငံတကာသတ်မှတ်စံနှုန်း ဖြစ်သည့် လီတာစနစ်သို့ ပြောင်းလဲ သတ်မှတ်သွားရန် မှာကြားခဲ့သည်။

Source: https://news-eleven.com/article/309343

## ဧရာဝတီတိုင်းဒေသကြီးမှ အရည်အသွေးမြင့် ပုစွန်များ ပြည်ပဈေးကွက်သို့ ဝင်ရောက်

ဧရာဝတီတိုင်းဒေသကြီးသည် ပုစွန်ထွက်ရှိရာ အဓိကဒေသအဖြစ် နာမည်ကျော်ကြားပြီး ဒေသခံ ပုစွန်ဖမ်းလုပ်ငန်းရှင်များသည် ပင်လယ်ပြင်နှင့် မြစ်ဝကျွန်းပေါ်ဒေသရှိ ချောင်းများမှ အရည်အသွေးမြင့် ပုစွန်အမျိုးအစားများကို ရာသီအလိုက် ဖမ်းဆီးရရှိလျက်ရှိသည်။

ရရှိသော လတ်ဆတ်သည့်ပုစွန်များကို ပြည်ပနိုင်ငံများသို့ ရေခဲထည့်သေတ္တာများဖြင့် လတ်ဆတ်မှုအပြည့် ထိန်းသိမ်း၍သော်လည်းကောင်း၊ အခွံခွာပြုတ်ပြီးပြုပြင်ထားသောပုံစံဖြင့်သော်လည်းကောင်း တင်ပို့ရောင်းချလျက်ရှိရာ ဂျပန်၊ စင်ကာပူနှင့် ထိုင်းနိုင်ငံတို့တွင် အထူးဝယ်လိုအား မြင့်မားကြောင်း သိရသည်။

ပုစွန်သည် ပရိုတင်းဓာတ်ကြွယ်ဝမှုနှင့်အတူ ကယ်လ်ဆီယမ်၊ အိုင်အိုဒင်းနှင့် Omega-3 fatty acids ကဲ့သို့သော ခန္ဓာကိုယ်အတွက် အကျိုးပြုဒြပ်စင်များပါဝင်သည့် အာဟာရအလွန်ပြည့်ဝသော စားသုံးကုန်တစ်ခုဖြစ်သည်။

ဒေသအတွင်းရှိ ပုစွန်လုပ်ငန်းရှင်များသည် နိုင်ငံတကာဈေးကွက်သို့တင်ပို့နိုင်ရန် အရည်အသွေး စံချိန်ကိုက်ညီမှုနှင့် ကျန်းမာရေးစည်းမျဉ်းများကို အလေးထားဆောင်ရွက်လျက်ရှိပြီး ဧရာဝတီတိုင်းဒေသကြီး၏ ပုစွန်များသည် ပြည်ပပို့ကုန်ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်စွမ်းရှိသော ကုန်ပစ္စည်းတစ်ခုအဖြစ် ရပ်တည်လျက်ရှိသည်။

Source: https://www.doca.gov.mm/my/node/62919

အထူးဆောင်းပါးများ

## ထိုင်းနိုင်ငံအတွင်းသို့ တင်သွင်းမည့် တိရစ္ဆာန်အစာပြောင်းနှင့် ဂျုံသွင်းကုန်များအတွက် မီးလောင်ထားမှု ကင်းစင်ကြောင်း အထောက်အထားတင်ပြရန်လိုအပ်မည်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှစ၍ အသက်ဝင်မည့် ထိုင်းနိုင်ငံအတွင်းသို့ တင်သွင်းမည့် တိရစ္ဆာန်အစာပြောင်းနှင့် ဂျုံသွင်းကုန်များအတွက် မီးလောင်ထားမှုကင်းစင်ကြောင်း အထောက်အထားဆိုင်ရာ လုပ်ထုံးလုပ်နည်း(၄)ခုကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားကုန်သွယ်မှုဦးစီးဌာနက ထုတ်ပြန်ခဲ့ကြောင်း The Nation သတင်းဝက်ဘ်ဆိုဒ်တွင် “New rules tighten feed corn, wheat imports; burn-free proof required” ခေါင်းစဉ်ဖြင့် ဖော်ပြထားသည်။

အဆိုပါအစီအမံများသည် တိရစ္ဆာန်အစာပါဝင်ပစ္စည်းသွင်းကုန်များအပေါ် စနစ်တကျရှိစွာကြီးကြပ်ရန်၊ ပြည်သူ့ကျန်းမာရေးကိုကာကွယ်ရန်နှင့် အစိုးရမူဝါဒနှင့်အညီ ထိုင်းထုတ်ကုန်စံနှုန်းများကိုမြှင့်တင်ရန်ဖြစ်ကြောင်း၊ လုပ်ထုံးလုပ်နည်း ၄ ခုသည် တိရစ္ဆာန်အစာပြောင်းမူဝါဒနှင့် စီမံခန့်ခွဲမှုကော်မတီ၏ ဆုံးဖြတ်ချက် နှင့်ကိုက်ညီပြီး အစိုးရအဖွဲ့က အတည်ပြုခဲ့ပြီး ဖြစ်ကြောင်း အစိုးရဒုတိယပြောရေးဆိုခွင့်ရှိသူ Ms. Airin Phanrit က ပြောကြားခဲ့သည်။

**တိရစ္ဆာန်အစာ ပြောင်းသည် “no-burn” ထုတ်လုပ်မှုပုံစံဖြစ်ရမည်**

လုပ်ထုံးလုပ်နည်း(၁) : တိရစ္ဆာန်အစာအတွက် အသုံးပြုရန် တင်သွင်းလာသည့် ပြောင်းသည် စိုက်ပျိုးစဉ်အတွင်း မီးရှို့ထားခြင်းမရှိသည့် မြေ သို့မဟုတ် စိုက်ပျိုးရေးအလေ့အကျင့်များဖြစ်ရမည်ဖြစ်ကြောင်း၊ ရည်ရွယ်ချက်မှာ နယ်စပ်ဖြတ်ကျော် မီးခိုးမြူနှင့် PM 2.5 လေထုညစ်ညမ်းခြင်းကိုလျှော့ချရန်၊ သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်သည့် စိုက်ပျိုးရေးကို အထောက်အကူပြုရန်နှင့် ကမ္ဘာ့ကုန်သွယ်ရေးလမ်းကြောင်းနှင့်အညီ စိုက်ပျိုးရေးထောက်ပံ့မှုကွင်းဆက်များကို အဆင့်မြှင့်တင်ရန်ဖြစ်ကြောင်း၊ သွင်းကုန်လုပ်ငန်းရှင်များသည် ထုတ်လုပ်သည့်ရင်းမြစ်ဆိုင်ရာ သတင်းအချက်အလက်များကို ပြင်ဆင်ထားပြီး no-burn လိုအပ်ချက်နှင့်ကိုက်ညီသည့် အထောက်အထားများပံ့ပိုးပေးရန်နှင့် နောက်ကြောင်းပြန်လိုက်နိုင်ရန် ယင်းအချက်အလက်များကို (၅)နှစ်ကြာထိန်းသိမ်းထားရမည်ဖြစ်ကြောင်း သိရသည်။

**AFTA/ATIGA သွင်းကုန်များ- အခွန်ကင်းလွတ်သော်လည်း အထွေထွေတင်သွင်းသူများအတွက် သွင်းကုန်ကာလကန့်သတ်**

လုပ်ထုံးလုပ်နည်း(၂) : ၂၀၂၆ ခုနှစ်အတွက် AFTA/ATIGA အောက်မှ ပြောင်းတင်သွင်းခြင်းကို အကန့်အသတ်မရှိ တင်သွင်းခွင့်ပြုပြီး အာဆီယံနိုင်ငံများမှ တိုက်ရိုက်တင်သွင်းပါက အကောက်ခွန် သုည ရာခိုင်နှုန်းဖြစ်ကြောင်း၊ သို့သော်လည်း အထွေထွေတင်သွင်းသူများအတွက်မူ ပင်မပြည်တွင်းရိတ်သိမ်းရာသီတွင် ထိုင်းတောင်သူများ ထိခိုက်မှုမဖြစ်စေရန် ဖေဖော်ဝါရီ ၁ ရက်မှ ဇွန်လ ၃၀ ရက်အထိ ၅ လသို့ လျှော့ချခဲ့ရာ တင်သွင်းကာလတိုတောင်းသွားကြောင်း သိရသည်။

**WTO ၏ စိုက်ပျိုးရေးဆိုင်ရာ ကတိကဝတ်များ- သွင်းကုန်ခွဲတမ်းကို တန်ချိန် ၁ သန်းအထိ တိုးမြှင့်ခဲ့ခြင်း**

လုပ်ထုံးလုပ်နည်း(၃) : ၂၀၂၆ ခုနှစ်တွင် ထိုင်းနိုင်ငံ၏ WTO စိုက်ပျိုးရေးကတိကဝတ်များအောက်တွင် ဦးစားပေး အကောက်ခွန်ပေးချေမှုဆိုင်ရာ လက်မှတ်များထုတ်ပေးခြင်းဆိုင်ရာ ကြေညာချက်တွင် Public Warehouse Organization (PWO)မှ ယခင်အစီအစဉ်တစ်နှစ်လျှင် တန်ချိန် ၅၄,၇၀၀ တင်သွင်းခွင့်ပြုခဲ့ရာမှ PWO နှင့် အထွေထွေတင်သွင်းသူများအနေဖြင့် ၁ နှစ်လျှင် စုစုပေါင်းတန်ချိန် ၁ သန်းထိ တင်သွင်းခွင့်ပြုကြောင်း သိရသည်။

**ဂျုံခွင့်ပြုမိန့်သည် ယခင်နှစ်က ချဉ်းကပ်မှုအတိုင်းဖြစ်ခြင်း**

လုပ်ထုံးလုပ်နည်း(၄) : တိရစ္ဆာန်အစာစက်ရုံများတွင် ကုန်ကြမ်းလုံလုံလောက်လောက်ရှိစေရန်နှင့် အဆက်မပြတ်စေရန် ၂၀၂၆ ခုနှစ်အတွင်း ဂျုံတင်သွင်းခွင့်ကို ၂၀၂၅ ခုနှစ်အတိုင်းဖြစ်ကြောင်း၊ တိရစ္ဆာန်အစာပြောင်းတွင် “no-burn” လိုအပ်ချက် အသစ်များကဲ့သို့သော မူဝါဒအသစ်များ မချမှတ်ကြောင်း သိရသည်။

လုပ်ထုံးလုပ်နည်းများသည် အသစ်ဖြစ်ပြီး ထပ်ဆောင်းစာရွက်စာတမ်းများနှင့် စိစစ်ခြင်းဆိုင်ရာ လိုအပ်ချက်များကြောင့် တင်သွင်းသူများသည် no-burn တိရစ္ဆာန်အစာပြောင်းဆိုင်ရာ စည်းမျဉ်းများကို ဦးစားပေးလိုက်နာသင့်ကြောင်း၊ အထူးသဖြင့် ပိုမိုတင်းကျပ်သောအရင်းအမြစ်စနစ်များနှင့် ပိုမိုတင်းကျပ်သော ဇာစ်မြစ်စစ်ဆေးမှုများ ပါဝင်သောကြောင့်ဖြစ်ကြောင်း၊ အခြား အစီအမံများသည် စီးပွားရေးလုပ်ငန်းများနှင့် အကျွမ်းတဝင်ရှိထားပြီးဖြစ်ရာ မူဘောင်များကိုလိုက်နာဆောင်ရွက်ကြောင်း Ms. Airin က မှတ်ချက်ပြုထား သည်။

Source: https://www.nationthailand.com/news/policy/40061109, (သီတာဝင်း၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_15012026_12:56

## အင်ဒိုနီးရှားနိုင်ငံမှ ပင်လယ်ရေကြောင်းဖြင့် ပထမဆုံးအကြိမ်တင်ပို့သည့် အေးခဲထားသောဒူးရင်းသီးများ တရုတ်နိုင်ငံသို့ ရောက်ရှိလာပြီး ကုန်သွယ်ရေးလမ်းကြောင်းသစ်ကို ဖွင့်လှစ်လိုက်

အင်ဒိုနီးရှားနိုင်ငံမှ တရုတ်နိုင်ငံသို့ ရေကြောင်းမှတစ်ဆင့်တင်ပို့ခဲ့သည့် အေးခဲထားသော ဒူးရင်းသီးများ တင်ဆောင်လာသည့် ပထမဆုံးကွန်တိန်နာရောက်ရှိလာခြင်း အထိမ်းအမှတ်အခမ်းအနားကို ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၆ ရက်နေ့တွင် တရုတ်နိုင်ငံတောင်ပိုင်းကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ချင်ကျိုးဆိပ်ကမ်း၌ကျင်းပခဲ့ပြီးနှစ်နိုင်ငံအကြား စိုက်ပျိုးရေးထွက်ကုန်များကုန်သွယ်မှုကိုတိုးချဲ့ရာတွင်အရေးကြီးသောခြေလှမ်းတစ်ခုဖြစ်ကြောင်းပြည်သူ့နေ့စဉ်သတင်း၌ဖော်ပြထားသည်။

အင်ဒိုနီးရှားနိုင်ငံမှ အေးခဲထားသော ဒူးရင်းသီးအဖတ်နှင့်အနှစ် ၂၃ တန်ကို Guangxi Jiarong Food Technology Co., Ltd မှတင်သွင်းလာသည့် ကွန်တိန်နာသည် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်နေ့တွင် ဂျာကာတာဆိပ်ကမ်းမှ ထွက်ခွာခဲ့ပြီး ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၅ ရက်နေ့တွင် ချင်းကျိုးဆိပ်ကမ်းသို့ ရောက်ရှိလာခဲ့ရာ အင်ဒိုနီးရှားနိုင်ငံမှ ဒူးရင်းသီးများကို တရုတ် ဈေးကွက်နှင့် ချိတ်ဆက်ပေးသည့် ရေကြောင်းပို့ဆောင်ရေးကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယခင်ကအင်ဒိုနီးရှားနိုင်ငံမှအေးခဲထားသောဒူးရင်းသီးများကို တရုတ်နိုင်ငံသို့လေကြောင်းဖြင့် အနည်းငယ်သာစမ်းသပ်တင်သွင်းခဲ့ကြောင်း၊ လက်ရှိပြေးဆွဲလျက်ရှိသော သင်္ဘောလမ်းကြောင်းများနှင့် အအေးခန်းထောက်ပံ့ပို့ဆောင်ရေးများ၏ပံ့ပိုးမှုဖြင့် အင်ဒိုနီးရှားမှ အေးခဲထားသော ဒူးရင်းသီးကို တရုတ်နိုင်ငံသို့ ပမာဏအမြောက်အမြား တင်ပို့နိုင်လိမ့်မည်ဟုမျှော်လင့်ရပြီး အင်ဒိုနီးရှား-တရုတ်စီးပွားရေးနှင့် ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှုအတွက် အရှိန်အဟုန်သစ်များဖြစ်ပေါ်စေမည်ဖြစ်ကြောင်း သိရသည်။

Guangxi Jiarong Food Technology Co., Ltd ၏ အထွေထွေမန်နေဂျာ Wu Junyi က ဒူးရင်းသီးများကို အေးခဲထားသော ဒူးရင်းသီးအနှစ်နှင့် အေးခဲခြောက်သွေ့ထားသောဒူးရင်းသီးအပါအဝင် တန်ဖိုးမြင့်ထုတ်ကုန်အမျိုးမျိုးအဖြစ် ပြုပြင်ထုတ်လုပ်သွားမည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

ကုမ္ပဏီသည် AI နည်းပညာသုံး hyperspectral sorting၊ နိုက်ထရိုဂျင်အရည်ဖြင့် အမြန်အေးခဲစေခြင်းနှင့် ရေခဲခြောက်ကဲ့သို့သော နည်းပညာများကို ပေါင်းစပ်ထားသည့် စက်မှုလုပ်ငန်းကွင်းဆက်တစ်ခုလုံးပါဝင်သည့် ဉာဏ်ရည်ထက်မြက်သော ဒူးရင်းသီးပြုပြင်ထုတ်လုပ်သည့် စက်ရုံတစ်ရုံကိုတည်ဆောက်ရန် ယွမ် သန်း ၃၀ (အမေရိကန်ဒေါ်လာ ၄ ဒသမ ၂၇ သန်းခန့်) ရင်းနှီးမြှုပ်နှံထားကြောင်း၊ ဤနည်းပညာများသည် စံချိန်စံနှုန်းမီထုတ်လုပ်နိုင်စေပြီး လက်ဖြင့်ခွဲခြားခြင်းနှင့် အရည်အသွေးမညီမညာဖြစ်ခြင်းကဲ့သို့သော ပြဿနာများကို ဖြေရှင်းပေးနိုင်ကြောင်း သိရသည်။

ဒူးရင်းသီးတင်သွင်းမှုကို နမူနာပုံစံတစ်ခုအဖြစ်ယူ၍ ကုမ္ပဏီသည် အာဆီယံနိုင်ငံများမှ အခြားအထူးပြု စိုက်ပျိုးရေးထုတ်ကုန်များတင်သွင်းခြင်းနှင့် ပြုပြင်ထုတ်လုပ်ခြင်းအတွက် ပုံတူကူးနိုင်သော နည်းလမ်းတစ်ခုကို တည်ထောင်သွားမည်ဟု Wu က ပြောကြားခဲ့ကြောင်း သိရသည်။

ယခင်က အင်ဒိုနီးရှားမှ ဒူးရင်းသီးထုတ်ကုန်များကို တရုတ်နိုင်ငံသို့မတင်ပို့မီ တတိယနိုင်ငံတွင် ပြုပြင်ထုတ်လုပ်ခဲ့ရကြောင်း၊ ၂၀၂၅ ခုနှစ်၊ မေလတွင် တရုတ်နိုင်ငံ၏အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့နှင့် အင်ဒိုနီးရှားနိုင်ငံ၏ ရောဂါထိန်းချုပ်ရေးအာဏာပိုင်အဖွဲ့တို့အကြား phytosanitary protocol ကို လက်မှတ်ရေးထိုးပြီးနောက် ယခုကဲ့သို့တင်ပို့နိုင်ခြင်းဖြစ်ကြောင်း သိရသည်။ အင်ဒိုနီးရှားနိုင်ငံမှ အေးခဲထားသောဒူးရင်းသီးများ တရုတ်ဈေးကွက်သို့ ဝင်ရောက်လာခြင်းသည် နှစ်နိုင်ငံအကြား နီးကပ်ပြီး ခိုင်မာသော ကုန်သွယ်မှုဆက်ဆံရေးကို ပြသလျက်ရှိကြောင်း တရုတ်နိုင်ငံဆိုင်ရာ အင်ဒိုနီးရှားသံရုံး၏ စီးပွားရေးသံမှူး Budi Hansyah က ပြောကြားခဲ့သည်ဟု သိရသည်။

လက်ရှိတွင် တရုတ်အကောက်ခွန်အာဏာပိုင်များက အင်ဒိုနီးရှားကုမ္ပဏီ ၈ ခုကို အေးခဲထားသော ဒူးရင်းသီးများ တင်ပို့ရန်ခွင့်ပြုထားပြီး လတ်ဆတ်သောဒူးရင်းသီးဈေးကွက်သို့ဝင်ရောက်ခွင့်အတွက် ဆွေးနွေးမှုများပြုလုပ်လျက်ရှိကြောင်း၊ အင်ဒိုနီးရှား၏ ကွဲပြားသောဒူးရင်းသီးမျိုးကွဲများသည် စားသုံးသူများ၏ နှစ်သက်မှုအမျိုးမျိုးနှင့်ကိုက်ညီပြီး အေးခဲထားသော ဒူးရင်းသီးကို အချိုပွဲများ၊ ကိတ်မုန့်များနှင့် ရေခဲမုန့်များတွင် ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုကြကာ တရုတ်နိုင်ငံ၏ မြင့်တက်လာသော ဝယ်လိုအားကို ဖြည့်ဆည်းပေးနိုင်မည် ဟု ၎င်းက ထပ်လောင်းပြောကြားခဲ့သည်ဟု သိရသည်။

နိုင်ငံတကာ ကုန်းလမ်း-ရေလမ်း ကုန်သွယ်ရေးစင်္ကြန်သစ်၏ အဓိကအချက်အချာဖြစ်သော ချင်ကျိုးဆိပ်ကမ်းသည် လက်ရှိတွင် အာဆီယံနိုင်ငံများကိုဆက်သွယ်ပေးသော သင်္ဘောလမ်းကြောင်း ၄၄ ခုကို ပြေးဆွဲလျက်ရှိပြီး ၎င်း၏ ရေလမ်း-ရထားလမ်းဘက်စုံဝန်ဆောင်မှုများသည် ထိရောက်သောထောက်ပံ့ပို့ဆောင်ရေး ကွန်ရက်တစ်ခုဖြစ်ပြီး အင်ဒိုနီးရှားစိုက်ပျိုးရေး ထုတ်ကုန်များကို ပြည်တွင်းဈေးကွက်များသို့ ရောက်ရှိစေနိုင်ကြောင်း (သို့မဟုတ်) တရုတ် - ဥရောပ ကုန်တင်ရထားများနှင့် ချိတ်ဆက်နိုင်စေကြောင်း ချင်ကျိုးမြို့၏ ဒုတိယမြို့တော်ဝန် Chen Jing'en က ပြောကြားခဲ့သည်ဟု သိရသည်။

ထို့ပြင် ၂၀၂၆ ခုနှစ်တွင် ဖင်းလုတူးမြောင်းကို ဖွင့်လှစ်ရန် စီစဉ်ထားခြင်းကလည်း ထောက်ပံ့ပို့ဆောင်ရေး ကုန်ကျစရိတ်ကို ၃၀ ရာခိုင်နှုန်းခန့်လျှော့ချပေးမည်ဟု ခန့်မှန်းထားပြီး အင်ဒိုနီးရှားနှင့် အခြားအာဆီယံနိုင်ငံများမှ စိုက်ပျိုးရေးထုတ်ကုန်များ တရုတ်ဈေးကွက်သို့ဝင်ရောက်မှုကို ပိုမိုလွယ်ကူချောမွေ့စေမည်ဖြစ်ကြောင်း သိရသည်။

မကြာသေးမီနှစ်များအတွင်း ကွမ်ရှီးပြည်နယ်သည် အာဆီယံနိုင်ငံများနှင့် စိုက်ပျိုးရေးထွက်ကုန်များ ကုန်သွယ်မှုတွင် လက်တွေ့ပူးပေါင်းဆောင်ရွက်မှုကို ဆက်လက်ခိုင်မာစေခဲ့ကြောင်း၊ ကွမ်ရှီးကူးသန်းရောင်းဝယ်ရေးဌာနမှ အချက်အလက်များအရ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလမှ နိုဝင်ဘာလအထိ ကွမ်ရှီးဆိပ်ကမ်းများသည် အာဆီယံမှ သစ်သီးဝလံတန်ချိန် ၂ ဒသမ ၆၅ သန်း ကျော်တင်သွင်းခဲ့ပြီး ယခင်နှစ်ထက် ၁၅ ဒသမ ၈ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကာ စုစုပေါင်းတန်ဖိုးမှာ ယွမ် ၄၀ ဒသမ ၆ ဘီလီယံ ကျော်ရှိခဲ့ပြီး ၂၂ ရာခိုင်နှုန်းမြင့်တက်လာခဲ့ ကြောင်း သိရသည်။

တရုတ်နိုင်ငံသည် ကမ္ဘာပေါ်တွင် ဒူးရင်းသီးတင်သွင်းမှုနှင့် စားသုံးမှုအများဆုံးနိုင်ငံအဖြစ် ရပ်တည်လျက်ရှိပြီး မကြာသေးမီနှစ်များအတွင်း အသီးအနှံများ၏ဘုရင်ဖြစ်သည့် ဒူးရင်းသီးကုန်သွယ်မှုသည် တရုတ်နှင့် အာဆီယံအကြား စိုက်ပျိုးရေး ပူးပေါင်းဆောင်ရွက်မှု၏ အဓိကအစိတ်အပိုင်းတစ်ခုဖြစ်လာခဲ့ကြောင်း၊ အင်ဒိုနီးရှားနိုင်ငံမှအေးခဲထားသောဒူးရင်းသီးကိုတင်သွင်းခြင်းသည် အခွင့်အလမ်းများကိုပိုမိုဖြစ်ပေါ်စေပြီး အာဆီယံနိုင်ငံများအနေဖြင့် တရုတ်နိုင်ငံ၏စီးပွားရေးတိုးတက်မှု၏ အကျိုးအမြတ်များကို ပိုမိုနက်ရှိုင်းစွာ မျှဝေခံစားနိုင်စေကြောင်း သိရသည်။

Source: https://en.people.cn/n3/2026/0109/c90000-20412259.html ,  (ကေခိုင်ကျော်၊ စီးပွားရေးသံမှူး၊ နန်နင်းမြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_14012026_14:50

## ကုန်သွယ်မှုအခြေအနေ၊ ကုန်စည်ဈေးနှုန်းများ

## ၂၀၂၆၊ ဇန်နဝါရီလအတွင်း မြို့နယ်အလိုက် ဆန်ဈေးနှုန်း (အိတ်/ကျပ်)( ၃.၂.၂၀၂၆ )ထိ

| မြို့နယ် | ရော်ဝတီ ပေါ်ဆန်း(အဟောင်း) | ရော်ဝတီ ပေါ်ဆန်း(အသစ်) |
|---|---|---|
| ဖျာပုံ | 120000-130000 | 105000-110000 |
| မြောင်းမြ | 145000-150000 | 110000-120000 |
| ဒေးဒရဲ | 120000-130000 | 105000-110000 |
| ဝါးခယ်မ | 120000-130000 | 105000-110000 |
| ဘိုကလေး | 120000-130000 | 105000-110000 |
| မော်လမြိုင်ကျွန်း | 120000-130000 | 105000-110000 |
| လပွတ္တာ | 120000-130000 | 105000-110000 |
| ကျိုက်လတ် | 120000-130000 | 105000-110000 |
| ဘုရင့်နောင် | 190000-200000 (ရွှေဘိုပေါ်ဆန်း) | 168000-178000(ရွှေဘိုပေါ်ဆန်း) |

**Source: MRF**

## ၂၀၂၆၊ ဇန်နဝါရီလ၏ အပတ်စဉ် ရော်ဘာဈေးနှုန်း (တန်/ဒေါ်လာ)

| No | Date | RSS-1 | RSS-2 | RSS-3 | RSS-4 | RSS-5 |
|---|---|---|---|---|---|---|
| 1 | 5.1.2026 | 1650-2050 | 1600-2000 | 1550-1950 | 1500-1900 | 1450-1850 |
| 2 | 12.1.2026 | 1750-2150 | 1700-2100 | 1650-2050 | 1600-2000 | 1550-1950 |
| 3 | 19.1.2026 | 1750-2150 | 1700-2100 | 1650-2050 | 1600-2000 | 1550-1950 |
| 4 | 26.1.2026 | 1800-2200 | 1750-2150 | 1700-2100 | 1650-2050 | 1600-2000 |

Source: MRPPA

## ၂၀၂၆၊ ဇန်နဝါရီလအတွင်း နေ့စဉ်ဖြစ်ပေါ်နေသော ဆန်တစ်အိတ်ဈေးနှုန်း (ကျပ်)

| စဉ် | ရက်စွဲ | ပေါ်ဆန်း(နယ်စုံ)(အသစ်) | | | ခွံနီ(ရှယ်) (အဟောင်း) | | | ညှော်မထ 25% အကြမ်း (အဟောင်း) | | | ဇစိန်(အဟောင်း) | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ |
| 1 | 5.1.2026 | 112000 | 107000 | 105000 | 95000 | 90000 | 85000 | 51000 | 50000 | 49000 | 53000 | 52000 | 50000 |
| 2 | 6.1.2026 | 112000 | 107000 | 105000 | 95000 | 90000 | 85000 | 51000 | 50000 | 49000 | 51000 | 50000 | 49000 |
| 3 | 7.1.2026 | 112000 | 107000 | 105000 | 95000 | 90000 | 85000 | 51000 | 50000 | 49000 | 51000 | 50000 | 49000 |
| 4 | 8.1.2026 | 112000 | 107000 | 105000 | 95000 | 90000 | 85000 | 51000 | 50000 | 49000 | 51000 | 50000 | 49000 |
| 5 | 9.1.2026 | 112000 | 107000 | 105000 | 95000 | 90000 | 85000 | 51000 | 50000 | 49000 | 51000 | 50000 | 49000 |
| 6 | 10.12026 | 112000 | 107000 | 105000 | 95000 | 90000 | 85000 | 51000 | 50000 | 49000 | 51000 | 50000 | 49000 |
| 7 | 12.1.2026 | 112000 | 107000 | 105000 | 95000 | 90000 | 85000 | 51000 | 50000 | 49000 | 51000 | 50000 | 49000 |
| 8 | 13.1.2026 | 112000 | 107000 | 105000 | 95000 | 90000 | 85000 | 51000 | 50000 | 49000 | 51000 | 50000 | 49000 |
| 9 | 14.1.2026 | 108000 | 103000 | 100000 | 88000 | 83000 | 80000 | 51000 | 50000 | 49000 | 51000 | 50000 | 49000 |
| 10 | 15.1.2026 | 108000 | 103000 | 100000 | 88000 | 83000 | 80000 | 51000 | 50000 | 49000 | 51000 | 50000 | 49000 |
| 11 | 16.1.2026 | 108000 | 103000 | 100000 | 88000 | 83000 | 80000 | 51000 | 50000 | 49000 | 51000 | 50000 | 49000 |
| 12 | 19.1.2026 | 108000 | 103000 | 100000 | 88000 | 83000 | 80000 | 51000 | 50500 | 50000 | 51000 | 50000 | 49000 |
| 13 | 20.1.2026 | 108000 | 103000 | 100000 | 88000 | 83000 | 80000 | 51000 | 50500 | 50000 | 51000 | 50000 | 49000 |
| 14 | 21.1.2026 | 108000 | 103000 | 100000 | 88000 | 83000 | 80000 | 51000 | 50500 | 50000 | 51000 | 50000 | 49000 |
| 15 | 22.1.2026 | 108000 | 103000 | 100000 | 88000 | 83000 | 80000 | 51000 | 50500 | 50000 | 51000 | 50000 | 49000 |
| 16 | 23.1.2026 | 108000 | 103000 | 100000 | 88000 | 83000 | 80000 | 51000 | 50500 | 50000 | 51000 | 50000 | 49000 |
| 17 | 26.1.2026 | 108000 | 103000 | 100000 | 88000 | 83000 | 80000 | 51000 | 50500 | 50000 | 51000 | 50000 | 49000 |
| 18 | 27.1.2026 | 110000 | 105000 | 100000 | 88000 | 83000 | 80000 | 51000 | 50500 | 50000 | 51000 | 50000 | 49000 |
| 19 | 28.1.2026 | 110000 | 105000 | 100000 | 88000 | 83000 | 80000 | 51000 | 50500 | 50000 | 51000 | 50000 | 49000 |
| 20 | 29.1.2026 | 110000 | 105000 | 100000 | 88000 | 83000 | 80000 | 51000 | 50500 | 50000 | 51000 | 50000 | 49000 |
| 21 | 30.1.2026 | 110000 | 105000 | 100000 | 88000 | 83000 | 80000 | 51000 | 50500 | 50000 | 51000 | 50000 | 49000 |

Source: Myanmar Rice

## ၂၀၂၆၊ ဇန်နဝါရီလအတွင်း ဖြစ်ပေါ်ခဲ့သော မြန်မာနိုင်ငံ တရားဝင်ငွေကြေးဈေးကွက်

| No | Date | Dollar | ThaiBaht | Chinese yuan | Singapore Dollar | Indian Rupee | Japanese Yen |
|---|---|---|---|---|---|---|---|
| | | USD | THB | CNY | SGD | INR | JPY |
| 1 | 5.1.2026 | 2100.0 | 66.890 | 300.91 | 1631.77 | 23.26 | 1337.41 |
| 2 | 6.1.2026 | 2100.0 | 67.370 | 300.90 | 1640.95 | 23.29 | 1343.18 |
| 3 | 7.1.2026 | 2100.0 | 67.080 | 300.39 | 1638.39 | 23.37 | 1341.90 |
| 4 | 8.1.2026 | 2100.0 | 66.75 | 300.83 | 1635.45 | 23.32 | 1340.57 |
| 5 | 9.1.2026 | 2100.0 | 66.850 | 300.77 | 1632.02 | 23.28 | 1332.70 |
| 6 | 10.12026 | 2100.0 | 66.900 | 300.97 | 1631.07 | 23.27 | 1330.08 |
| 7 | 12.1.2026 | 2100.0 | 67.180 | 301.11 | 1632.72 | 23.29 | 1330.59 |
| 8 | 13.1.2026 | 2100.0 | 66.890 | 300.99 | 1632.08 | 23.26 | 1322.13 |
| 9 | 14.1.2026 | 2100.0 | 66.840 | 301.16 | 1630.37 | 23.29 | 1319.22 |
| 10 | 15.1.2026 | 2100.0 | 66.820 | 301.24 | 1629.87 | 23.24 | 1324.71 |
| 11 | 16.1.2026 | 2100.0 | 66.990 | 301.33 | 1630.56 | 23.14 | 1328.23 |
| 12 | 19.1.2026 | 2100.0 | 67.150 | 301.57 | 1632.59 | 23.09 | 1328.70 |
| 13 | 20.1.2026 | 2100.0 | 67.51 | 301.70 | 1635.45 | 23.09 | 1325.97 |
| 14 | 21.1.2026 | 2100.0 | 67.45 | 301.55 | 1636.02 | 22.93 | 1329.11 |
| 15 | 22.1.2026 | 2100.0 | 66.93 | 301.58 | 1635.26 | 22.92 | 1322.21 |
| 16 | 23.1.2026 | 2100.0 | 67.39 | 301.53 | 1641.46 | 22.89 | 1326.72 |
| 17 | 26.1.2026 | 2100.0 | 67.52 | 301.85 | 1653.74 | 22.91 | 1363.33 |
| 18 | 27.1.2026 | 2100.0 | 67.55 | 301.85 | 1655.43 | 22.89 | 1358.83 |
| 19 | 28.1.2026 | 2100.0 | 67.87 | 302.37 | 1667.00 | 22.90 | 1377.09 |
| 20 | 29.1.2026 | 2100.0 | 67.37 | 302.32 | 1661.46 | 22.85 | 1369.06 |
| 21 | 30.1.2026 | 2100.0 | 66.85 | 302.20 | 1656.48 | 22.85 | 1364.66 |

Source: Central Bank of Myanmar

## ၂၀၂၆၊ ဇန်နဝါရီလ ဘုရင်နောင်ကုန်စည်ဒိုင်၏ နေ့စဉ်ပဲမျိုးစုံဈေးနှုန်း (တန်/ကျပ်)

| စဉ် | ရက်စွဲ | မတ်ပဲ FAQ/ RC | ပဲစင်းငုံ RC | ပဲတီစိမ်းရွှေဝါ (ခရမ်း) | ကုလားပဲဖြူလုံးကြီး | ထောပတ်ပဲ |
|---|---|---|---|---|---|---|
| | | 2025 | 2026 | (ထိပ်စ) | | |
| 1 | 5.1.2026 | 2764000 | 2771000 | 4029500 | 2578200-2633300 | 1932100 |
| 2 | 6.1.2026 | 2752000 | 2762000 | 4029500 | 2578200-2633300 | 2039300 |
| 3 | 7.1.2026 | 2737000 | 2780000 | 4029500 | 2578200-2685300 | 2039300 |
| 4 | 8.1.2026 | 2740000 | 2801000 | 4029500 | 2578200-2685300 | 2039300 |
| 5 | 9.1.2026 | 2741000 | 2820000 | 4029500 | 2578200-2685300 | 2039300 |
| 6 | 10.12026 | 2740000 | 2820000 | 4029500 | 2578200-2685300 | 2039300 |
| 7 | 12.1.2026 | 2720000 | 2767000 | 4029500 | 2578200-2685300 | 2039300 |
| 8 | 13.1.2026 | 2719000 | 2800000 | 4029500 | 2578200-2685300 | 2039300 |
| 9 | 14.1.2026 | 2775000 | 2825000 | 4029500 | 2578200-2685300 | 2039300 |
| 10 | 15.1.2026 | 2785000 | 2880000 | 4029500 | 2578200-2685300 | 2039300 |
| 11 | 16.1.2026 | 2780000 | 2882000 | 4029500 | 2578200-2685300 | 2039300 |
| 12 | 19.1.2026 | 2763000 | 2872000 | 4029500 | 2578200-2685300 | 2039300 |
| 13 | 20.1.2026 | 2800000 | 2910000 | 4029500 | 2578200-2685300 | 2039300 |
| 14 | 21.1.2026 | 2873000 | 2987000 | 4029500 | 2578200-2685300 | 2039300 |
| 15 | 22.1.2026 | 2875000 | 3025000 | 4029500 | 2578200-2685300 | 2039300 |
| 16 | 23.1.2026 | 2860000 | 3020000 | 4029500 | 2578200-2685300 | 2039300 |
| 17 | 26.1.2026 | 2875000 | 3090000 | 4029500 | 2578200-2685300 | 2039300 |
| 18 | 27.1.2026 | 2986000 | 3291000 | 3775400 | 2578200-2685300 | 2146400 |
| 19 | 28.1.2026 | 3023000 | 3350000 | 3775400 | 2578200-2685300 | 2146400 |
| 20 | 29.1.2026 | 3049000 | 3361000 | 3775400 | 2578200-2685300 | 2146400 |
| 21 | 30.1.2026 | 3017000 | 3306000 | 3775400 | 2578200-2685300 | 2146400 |

Source: ဘုရင့်နောင်ကုန်စည်ဒိုင်

## ၂၀၂၆၊ ဇန်နဝါရီလ ဘုရင့်နောင်ကုန်စည်ဒိုင်၏ နေ့စဉ်ပဲမျိုးစုံဈေးနှုန်း (တန်/ကျပ်)

| စဉ် | ရက်စွဲ | ပဲကြီး (ရွှေကျွန်း) | ပဲလွန်းဖြူ (မြစ်ဝကျွန်းပေါ်) | ဘိုကိတ် | ပဲပုပ်(မြစ်ဝကျွန်းပေါ်) (အထွက်တိုး) | ပြောင်းဆန် |
|---|---|---|---|---|---|---|
| 1 | 5.1.2026 | 6286200-6503600 | 2498600-2553700 | 1837200-2195400 | 3233400-3288500 | 881800-894100 |
| 2 | 6.1.2026 | 6286200-6503600 | 2498600-2553700 | 1837200-2195400 | 3316100-3420200 | 875700-88800 |
| 3 | 7.1.2026 | 6286200-6503600 | 2498600-2553700 | 1837200-2195400 | 3417100-3472300 | 875700-88800 |
| 4 | 8.1.2026 | 6286200-6503600 | 2498600-2553700 | 1837200-2195400 | 3469200-3521200 | 875700-88800 |
| 5 | 9.1.2026 | 6286200-6503600 | 2498600-2553700 | 1837200-2195400 | 3469200-3521200 | 875700-88800 |
| 6 | 10.12026 | 6286200-6503600 | 2498600-2553700 | 1837200-2195400 | 3469200-3521200 | 875700-88800 |
| 7 | 12.1.2026 | 6286200-6503600 | 2498600-2553700 | 1837200-2143400 | 3521200-3625300 | 875700-88800 |
| 8 | 13.1.2026 | 6286200-6503600 | 2498600-2553700 | 1837200-2143400 | 3674300-3726400 | 875700-88800 |
| 9 | 14.1.2026 | 6286200-6503600 | 2498600-2553700 | 1837200-2143400 | 3723300-3879500 | 875700-88800 |
| 10 | 15.1.2026 | 6286200-6503600 | 2498600-2553700 | 1837200-2143400 | 3827400-3879500 | 875700-88800 |
| 11 | 16.1.2026 | 6286200-6503600 | 2498600-2553700 | 1837200-2143400 | 3980500-4032600 | 875700-88800 |
| 12 | 19.1.2026 | 6286200-6503600 | 2498600-2553700 | 1837200-2247500 | 3775400-3980500 | 875700-88800 |
| 13 | 20.1.2026 | 6286200-6503600 | 2498600-2584300 | 1837200-2247500 | 3775400-3980500 | 875700-88800 |
| 14 | 21.1.2026 | 6286200-6503600 | 2498600-2584300 | 1837200-2247500 | 3723300-3827400 | 875700-88800 |
| 15 | 22.1.2026 | 6286200-6503600 | 2498600-2584300 | 1837200-2247500 | 3723300-3827400 | 875700-88800 |
| 16 | 23.1.2026 | 6286200-6503600 | 2498600-2584300 | 1837200-2296500 | 3723300-3827400 | 875700-88800 |
| 17 | 26.1.2026 | 6393400-6503600 | 2498600-2584300 | 1837200-2296500 | 3928500-3980500 | 875700-88800 |
| 18 | 27.1.2026 | 6393400-6503600 | 2498600-2584300 | 1837200-2296500 | 3928500-3980500 | 894100-906300 |
| 19 | 28.1.2026 | 6393400-6503600 | 2498600-2584300 | 1837200-2296500 | 3980500-4084600 | 894100-906300 |
| 20 | 29.1.2026 | 6393400-6503600 | 2498600-2553700 | 1837200-2296500 | 3980500-4084600 | 894100-906300 |
| 21 | 30.1.2026 | 6393400-6503600 | 2498600-2553700 | 1837200-2296500 | 3980500-4084600 | 894100-906300 |

Source: ဘုရင့်နောင်ကုန်စည်ဒိုင်

## ၂၀၂၆၊ ဇန်နဝါရီလအတွင်း ဖြစ်ပေါ်ခဲ့သော (FOB) ပဲဈေးနှုန်းများ (မတန်/ဒေါ်လာ)

| ပဲအမျိုးအစား | | 5.1.2026 to 9.1.2026 | 12.1.2026 to 16.1.2026 | 19.1.2026 to 23.1.2026 | 26.1.2026 to 30.1.2026 |
|---|---|---|---|---|---|
| မတ်ပဲ (2024-25 Crop) | FAQ | 745-755 | 735-745 | 740-750 | 760-770 |
| | SQ | 825-835 | 815-825 | 820-830 | 840-850 |
| | အခွံချွတ် အလုံး/အခြမ်း(FAQ) | 850-870 | 840-860 | 845-865 | 865-885 |
| | အခွံချွတ် အလုံး/အခြမ်း(SQ) | 950-970 | 940-960 | 945-965 | 965-985 |
| | အခွံပါအခြမ်း | 850-870 | 840-860 | 845-865 | 865-885 |
| ပဲတီစိမ်း (2024-25 Crop) | FAQ (အညာ) | 950-960 | 950-960 | 950-960 | 940-950 |
| | FAQ (ရွှေဝါ) | 1080-1090 | 1080-1090 | 1080-1090 | 1060-1070 |
| | ရွှေဝါအကြီး(Size 3.5 mm &up) | 1130-1140 | 1130-1140 | 1130-1140 | 1110-1120 |
| | ရွှေဝါအကြီး (Size 3.25 mm &up) | 1100-1110 | 1100-1110 | 1100-1110 | 1080-1090 |
| | ရွှေဝါအသေး (Under 3.5 mm) | 1020-1030 | 1020-1030 | 1020-1030 | 1000-1010 |
| ပဲတီစိမ်း (2024 -25 Crop) | FAQ ပဲနောက် | 960-970 | 960-970 | 960-970 | 960-970 |
| | SQ ပဲနောက် | 1390-1400 | 1390-1400 | 1390-1400 | 1390-1400 |
| | အခွံချွတ်အလုံးကြီးအခြမ်း(အညာ) | 1115-1135 | 1115-1135 | 1115-1135 | 1115-1135 |
| | အခွံချွတ်အလုံးသေးအခြမ်း (အညာ) | 920-940 | 920-940 | 920-940 | 920-940 |
| | အခွံပါအလုံးသေးအခြမ်း(အညာ) | 870-890 | 870-890 | 870-890 | 870-890 |
| ပဲစင်းငုံ(2024 -25 Crop) | အနီ | 700-710 | 730-740 | 740-750 | 770-780 |
| ပဲစင်းငုံ (2024-25 Crop) | အဖြူ(စစ်ကိုင်း) | 660-670 | 690-700 | 700-710 | 730-740 |
| | အခွံချွတ်အခြမ်း | 1000-1020 | 1030-1050 | 1040-4060 | 1070-1090 |
| ကုလားပဲဖြူလုံးကြီး V2 | FAQ | 690-700 | 690-700 | 690-700 | 690-700 |
| | အခွံချွတ်အခြမ်း | 960-980 | 960-980 | 960-980 | 960-980 |
| ပဲလွန်းဖြူ | FAQ | 680-690 | 680-690 | 680-690 | 680-690 |
| | SQ | 770-780 | 770-780 | 770-780 | 770-780 |
| | အခွံချွတ်အခြမ်း | 820-840 | 820-840 | 820-840 | 820-840 |
| ပဲလွန်းနီ | FAQ | 680-690 | 680-690 | 680-690 | 700-710 |
| ပဲထောပတ် | FAQ | 575-585 | 575-585 | 575-585 | 595-605 |
| | အခွံချွတ်အခြမ်း | 600-620 | 600-620 | 600-620 | 620-640 |
| ပြောင်းဆန် | | 235-245 | 235-245 | 235-245 | 240-250 |
| နှမ်းဖြူ | | 1135-1145 | 1135-1145 | 1135-1145 | 1155-1165 |
| နှမ်းနက်(စမုန်) | | 2635-2645 | 2635-2645 | 2635-2645 | 2635-2645 |
| နှမ်းညို | | 1030-1040 | 1030-1040 | 1030-1040 | 1030-1040 |
| နှမ်းနက်(ရိုးရိုး) | | 2475-2485 | 2475-2485 | 2475-2485 | 2475-2485 |
| မြေထောက်ပဲ(အနီ)FAQ | | 755-765 | 755-765 | 755-765 | 755-765 |
| မြေထောက်ပဲ(အနီ)SQ | | 865-875 | 865-875 | 865-875 | 865-875 |
| မြေထောက်ပဲ(အဖြူ) | | 865-875 | 865-875 | 865-875 | 865-875 |
| မြေထောက်ပဲ(အကြား)Light Speckled Kidney Beans | | 755-765 | 755-765 | 755-765 | 755-765 |
| ပဲယင်း(ဝါ) | | 610-620 | 610-620 | 610-620 | 610-620 |
| ပဲယင်း(နီ) | | 630-640 | 630-640 | 630-640 | 630-640 |
| ပဲကြီး | | 1205-1215 | 1205-1215 | 1205-1215 | 1205-1215 |
| ပဲကြီးအခွံချွတ်အခြမ်း | | 1325-1345 | 1325-1345 | 1325-1345 | 1325-1345 |
| Adzuki/Mung Beans (Red)/ Small Red Beans | | 1040-1050 | 1000-1010 | 1000-1010 | 1000-1010 |
| စွန်တာနီ/ပြာ | | 835-845 | 835-845 | 835-845 | 835-845 |
| မြေပဲ (လုံးဆန်) | | 1425-1435 | 1525-1635 | 1525-1635 | 1525-1635 |

Source: ဘုရင့်နောင်ကုန်စည်ဒိုင်

# ၂၀၂၆၊ ဇန်နဝါရီလအတွင်း ဖြစ်ပေါ်ခဲ့သော ပြည်ပဆန်ဈေးနှုန်းများ (FOB-YGN)(ဒေါ်လာ/ မက်တန်)

| စဉ် | အမျိုးအစား | 31.12..2025 to 6.1.2026 | 7.1.2026 to 13.1.2026 | 14.1.2026 to 20.1.2026 | 21.1.2026 to 27.1.2026 | 28.1.2026 to 3.2 .2026 |
|---|---|---|---|---|---|---|
| 1 | Myanmar Long Grain White Rice 100 % (Super 100 %) | 335-345 | 335-345 | 335-345 | 335-345 | 335-345 |
| 2 | Myanmar Long Grain White Rice 100 % (Extra Well Milled) | 335-345 | 335-345 | 335-345 | 335-345 | 335-345 |
| 3 | Myanmar Long Grain White Rice 10% Broken (90 days) | 345-350 | 345-350 | 345-350 | 345-350 | 345-350 |
| 4 | Myanmar Long Grain White Rice (Emata) 3% Broken (Well Milled Double Polished Sortexed) | 340-345 | 340-345 | 340-345 | 340-345 | 340-345 |
| 5 | Myanmar Long Grain White Rice (Emata) 5% Broken (Well Milled Double Polished Sortexed) | 325-335 | 325-335 | 325-335 | 325-335 | 325-335 |
| 6 | Myanmar Long Grain White Rice (Emata) 10% Broken (Well Milled Double Polished Sortexed) | 320-325 | 320-325 | 320-325 | 320-325 | 320-325 |
| 7 | Myanmar Long Grain White Rice (Emata) 15% Broken (Well Milled Double Polished Sortexed) | 315-320 | 315-320 | 315-320 | 315-320 | 315-320 |
| 8 | Myanmar Long Grain White Rice (Emata) 25% Broken (Well Milled Double Polished Sortexed) | 295-305 | 295-305 | 295-305 | 295-305 | 295-305 |
| 9 | Myanmar White Rice (Emata) 5% Broken (Well Milled Double Polished Sortexed) | 325-335 | 325-335 | 325-335 | 325-335 | 325-335 |
| 10 | Myanmar White Rice (Emata) 10% Broken (Well Milled Double Polished Sortexed) | 320-325 | 320-325 | 320-325 | 320-325 | 320-325 |
| 11 | Myanmar White Rice (Emata) 15% Broken (Well Milled Double Polished Sortexed) | 315-320 | 315-320 | 315-320 | 315-320 | 315-320 |
| 12 | Myanmar White Rice (Emata) 25% Broken (Well Milled Double Polished Sortexed) | 295-305 | 295-305 | 295-305 | 295-305 | 295-305 |
| 13 | Myanmar White Rice 5% Broken (747) (Well Milled Double Polished Sortexed) | 335-345 | 335-345 | 335-345 | 335-345 | 335-345 |
| 14 | Myanmar White Rice 10% Broken (747) (Well Milled Double Polished Sortexed) | 330-335 | 330-335 | 330-335 | 330-335 | 330-335 |
| 15 | Myanmar White Rice 15% Broken (747) (Well Milled Double Polished Sortexed) | 325-330 | 325-330 | 325-330 | 325-330 | 325-330 |
| 16 | Myanmar Long Grain White Rice(Emata) 5% Broken (Well Milled & Sortexed) | 325-335 | 325-335 | 325-335 | 325-335 | 325-335 |
| 17 | Myanmar Long Grain White Rice(Emata) 10% Broken (Well Milled & Sortexed) | 320-325 | 320-325 | 320-325 | 320-325 | 320-325 |
| 18 | Myanmar Long Grain White Rice(Emata) 15% Broken (Well Milled & Sortexed) | 315-320 | 315-320 | 315-320 | 315-320 | 315-320 |
| 19 | Myanmar Long Grain White Rice(Emata) 25% Broken (Well Milled & Sortexed) | 295-305 | 295-305 | 295-305 | 295-305 | 295-305 |
| 20 | Myanmar Long Grain White Rice(Emata) 5% Broken (Reasonable Well Milled) | 305-315 | 305-315 | 305-315 | 305-315 | 305-315 |
| 21 | Myanmar Long Grain White Rice(Emata) 10% Broken (Reasonable Well Milled) | 295-305 | 295-305 | 295-305 | 295-305 | 295-305 |
| 22 | Myanmar Long Grain White Rice(Emata) 15% Broken (Reasonable Well Milled) | 285-295 | 285-295 | 285-295 | 285-295 | 285-295 |
| 23 | Myanmar Long Grain White Rice(Emata) 25% Broken (Reasonable Well Milled) | 275-285 | 275-285 | 275-285 | 275-285 | 275-285 |
| 24 | Myanmar Long Grain White Rice (GW-11) 5% Broken (Well Milled Double Polished Sortexed) | 325-335 | 325-335 | 325-335 | 325-335 | 325-335 |
| 25 | Myanmar Long Grain White Rice (GW-11) 10% Broken (Well Milled Double Polished Sortexed) | 320-325 | 320-325 | 320-325 | 320-325 | 320-325 |
| 26 | Myanmar Long Grain White Rice (GW-11) 25% Broken (Well Milled Double Polished Sortexed) | 305-315 | 305-315 | 305-315 | 305-315 | 305-315 |
| 27 | Myanmar White Rice (Kayinma)5% Broken (Well Milled Double Polished Sortexed) | 325-335 | 325-335 | 325-335 | 325-335 | 325-335 |
| 28 | Myanmar White Rice (Kayinma)10% Broken (Well Milled Double Polished Sortexed) | 325-330 | 325-330 | 325-330 | 325-330 | 325-330 |
| 29 | Myanmar White Rice (Kayinma)15% Broken (Well Milled Double Polished Sortexed) | 320-325 | 320-325 | 320-325 | 320-325 | 320-325 |
| 30 | Myanmar White Rice (Kayinma)25% Broken (Well Milled Double Polished Sortexed) | 315-320 | 315-320 | 315-320 | 315-320 | 315-320 |
| 31 | Myanmar White Rice (Sin Thu Kha)5% Broken (Well Milled Double Polished Sortexed) | 330-335 | 330-335 | 330-335 | 330-335 | 330-335 |
| 32 | Myanmar White Rice (Sin Thu Kha)10% Broken (Well Milled Double Polished Sortexed) | 315-320 | 315-320 | 315-320 | 315-320 | 315-320 |
| 33 | Myanmar White Rice (Sin Thu Kha)15% Broken (Well Milled Double Polished Sortexed) | 320-325 | 320-325 | 320-325 | 320-325 | 320-325 |
| 34 | Myanmar White Rice (Sin Thu Kha)25% Broken (Well Milled Double Polished Sortexed) | 305-315 | 305-315 | 305-315 | 305-315 | 305-315 |
| 35 | Myanmar White Rice (Thee Pu)5% Broken (Well Milled Double Polished Sortexed) | 315-325 | 315-325 | 315-325 | 315-325 | 315-325 |
| 36 | Myanmar White Rice (Thee Pu)10% Broken (Well Milled Double Polished Sortexed) | 305-315 | 305-315 | 305-315 | 305-315 | 305-315 |
| 37 | Myanmar White Rice (Thee Pu)15% Broken (Well Milled Double Polished Sortexed) | 300-305 | 300-305 | 300-305 | 300-305 | 300-305 |
| 38 | Myanmar White Rice (Thee Pu)25% Broken (Well Milled Double Polished Sortexed) | 295-300 | 295-300 | 295-300 | 295-300 | 295-300 |
| 39 | Myanmar White Rice Nga Sein Yarkyaw 5% Broken (Well Milled Double Polished Sortexed) | 330-335 | 330-335 | 330-335 | 330-335 | 330-335 |
| 40 | Myanmar White Rice Nga Sein Yarkyaw 10% Broken (Well Milled Double Polished Sortexed) | 325-330 | 325-330 | 325-330 | 325-330 | 325-330 |
| 41 | Myanmar White Rice Nga Sein Yarkyaw 15% Broken (Well Milled Double Polished Sortexed) | 320-325 | 320-325 | 320-325 | 320-325 | 320-325 |
| 42 | Myanmar White Rice Nga Sein Yarkyaw 25% Broken (Well Milled Double Polished Sortexed) | 315-320 | 315-320 | 315-320 | 315-320 | 315-320 |
| 43 | Myanmar White Rice Nga Sein Yarkyaw 5% Broken (Reasonable Well - Milled) | 305-310 | 305-310 | 305-310 | 305-310 | 305-310 |
| 44 | Myanmar White Rice Nga Sein Yarkyaw 25% Broken (Reasonable Well - Milled) | 285-295 | 285-295 | 285-295 | 285-295 | 285-295 |
| 45 | Myanmar Long Grain Fragrant Rice 5% Broken (Well Milled Double Polished Sortexed) | 455-465 | 455-465 | 455-465 | 455-465 | 455-465 |
| 46 | Myanmar White Rice Tun Pu (or)Bike Phyu 5% Broken(Well Milled Double Polished Sortexed) | 335-340 | 335-340 | 335-340 | 335-340 | 335-340 |
| 47 | Myanmar White Rice Tun Pu (or)Bike Phyu 10% Broken(Well Milled Double Polished Sortexed) | 325-335 | 325-335 | 325-335 | 325-335 | 325-335 |
| 48 | Myanmar White Rice Tun Pu (or)Bike Phyu 15% Broken(Well Milled Double Polished Sortexed) | 320-325 | 320-325 | 320-325 | 320-325 | 320-325 |
| 49 | Myanmar White Rice Tun Pu (or)Bike Phyu 25% Broken(Well Milled Double Polished Sortexed) | 310-315 | 310-315 | 310-315 | 310-315 | 310-315 |
| 50 | Myanmar Parboiled Rice (Kayinma)5% Broken (Well Milled Double Polished Sortexed) | 445-455 | 445-455 | 445-455 | 445-455 | 445-455 |
| 51 | Myanmar Parboiled Rice (Kayinma)10% Broken (Well Milled Double Polished Sortexed) | 435-445 | 435-445 | 435-445 | 435-445 | 435-445 |
| 52 | Myanmar Long Grain Parboiled Rice 5% Broken (Well Milled Double Polished Sortexed) | 445-455 | 445-455 | 445-455 | 445-455 | 445-455 |
| 53 | Myanmar Long Grain Parboiled Rice 10% Broken (Well Milled Double Polished Sortexed) | 435-445 | 435-445 | 435-445 | 435-445 | 435-445 |
| 54 | Myanmar Glutinous Rice 5% Broken (Well Milled) | 495-505 | 495-505 | 495-505 | 495-505 | 495-505 |
| 55 | Myanmar Glutinous Rice 10% Broken (Well Milled) | 485-495 | 485-495 | 485-495 | 485-495 | 485-495 |
| 56 | Myanmar Glutinous Rice 15% Broken (Well Milled) | 475-485 | 475-485 | 475-485 | 475-485 | 475-485 |
| 57 | Myanmar Glutinous Rice 25% Broken (Well Milled) | 465-475 | 465-475 | 465-475 | 465-475 | 465-475 |
| 58 | Myanmar Glutinous Rice 10% Broken (Reasonable Well Milled) | 460-470 | 460-470 | 460-470 | 460-470 | 460-470 |
| 59 | Myanmar Glutinous Rice 25% Broken (Reasonable Well Milled) | 445-455 | 445-455 | 445-455 | 445-455 | 445-455 |
| 60 | Myanmar Brown Rice 5% Broken | 315-325 | 315-325 | 315-325 | 315-325 | 315-325 |
| 61 | Myanmar Brown Rice 10% Broken | 310-315 | 310-315 | 310-315 | 310-315 | 310-315 |

Source: MRF

## ၂၀၂၆၊ ဇန်နဝါရီလအတွင်း ပြည်ပနိုင်ငံ၏ စက်သုံးဆီဈေးနှုန်း

| No | Date | WTI Crude Oil (USD/bbl) | Brent Crude Oil (USD / bbl) | RBOB Gasoline (USD/ gal) | Natural Gas USD/ MMBtu) | Heating Oil (USD/ gal) |
|---|---|---|---|---|---|---|
| 1 | 5.1.2026 | 57.12 | 60.62 | 169.63 | 3.46 | 210.58 |
| 2 | 6.1.2026 | 58.11 | 61.60 | 171.50 | 3.47 | 212.91 |
| 3 | 7.1.2026 | 56.25 | 60.01 | 169.03 | 3.45 | 206.32 |
| 4 | 8.1.2026 | 56.25 | 60.23 | 170.17 | 3.58 | 207.10 |
| 5 | 9.1.2026 | 58.00 | 62.31 | 177.31 | 3.40 | 213.51 |
| 6 | 10.12026 | 59.12 | 63.34 | 178.06 | 3.17 | 213.50 |
| 7 | 12.1.2026 | 59.20 | 63.44 | 178.47 | 3.24 | 213.94 |
| 8 | 13.1.2026 | 59.66 | 64.03 | 180.10 | 3.34 | 216.41 |
| 9 | 14.1.2026 | 60.89 | 65.27 | 181.69 | 3.4 | 222.24 |
| 10 | 15.1.2026 | 59.89 | 64.27 | 177.96 | 3.13 | 219.94 |
| 11 | 16.1.2026 | 59.07 | 63.61 | 178.10 | 3.16 | 219.89 |
| 12 | 19.1.2026 | 59.51 | 64.21 | 179.24 | 3.44 | 225.63 |
| 13 | 20.1.2026 | 59.41 | 64.01 | 178.38 | 3.56 | 228.59 |
| 14 | 21.1.2026 | 59.83 | 64.22 | 181.03 | 3.91 | 233.07 |
| 15 | 22.1.2026 | 60.72 | 65.28 | 185.57 | 5.33 | 240.05 |
| 16 | 23.1.2026 | 59.84 | 64.54 | 183.00 | 4.98 | 240.48 |
| 17 | 26.1.2026 | 61.08 | 65.9 | 184.08 | 6.09 | 250.99 |
| 18 | 27.1.2026 | 60.27 | 65.14 | 180.74 | 6.66 | 252.34 |
| 19 | 28.1.2026 | 62.84 | 67.96 | 188.4 | 6.65 | 263.90 |
| 20 | 29.1.2026 | 63.98 | 69.14 | 190.49 | 3.82 | 262.16 |
| 21 | 30.1.2026 | 64.36 | 69.80 | 189.5 | 3.84 | 258.60 |

Source: Bullionberg Commodities

## ၂၀၂၆၊ ဇန်နဝါရီလအတွင်း ဖြစ်ပေါ်ခဲ့သော ကမ္ဘာ့ရွှေဈေး (ဒေါ်လာ)

| No | Date | London | New York |
|---|---|---|---|
| 1 | 5.1.2026 | 4412 | 4420 |
| 2 | 6.1.2026 | 4473 | 4480 |
| 3 | 7.1.2026 | 4468 | 4476 |
| 4 | 8.1.2026 | 4445 | 4455 |
| 5 | 9.1.2026 | 4467 | 4474 |
| 6 | 10.12026 | 4516 | 4524 |
| 7 | 12.1.2026 | 4580 | 4587 |
| 8 | 13.1.2026 | 4599 | 4608 |
| 9 | 14.1.2026 | 4633 | 4641 |
| 10 | 15.1.2026 | 4606 | 4614 |
| 11 | 16.1.2026 | 4605 | 4614 |
| 12 | 19.1.2026 | 4670 | 4677 |
| 13 | 20.1.2026 | 4682 | 4696 |
| 14 | 21.1.2026 | 4848 | 4857 |
| 15 | 22.1.2026 | 4805 | 4813 |
| 16 | 23.1.2026 | 4954 | 4960 |
| 17 | 26.1.2026 | 5076 | 5088 |
| 18 | 27.1.2026 | 5080 | 5091 |
| 19 | 28.1.2026 | 5217 | 5236 |
| 20 | 29.1.2026 | 5543 | 5550 |
| 21 | 30.1.2026 | 5235 | 5244 |

Source: Bullionvault,